မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၈ရက်၊ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာ ၁၆ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၉)၊ အမှတ်(၃၄၆)

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ရန်ကုန်တိုင်းဒေသကြီး အသင်းခွဲဖွဲ့စည်းရေးအခမ်းအနား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၁၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း ရန်ကုန်တိုင်းဒေသကြီး အသင်းခွဲဖွဲ့စည်းရေးအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၆ ❍

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မက္ကဆီကိုနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၁၆

၂၀၁၀ခုနှစ် စက်တင်ဘာ ၁၆ရက်တွင် ကျရောက်သော မက္ကဆီကိုပြည်ထောင်စုနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မက္ကဆီကိုပြည်ထောင်စုနိုင်ငံ သမ္မတ မစ္စတာ ဖယ်လီပီ ကာလ်ဒါရွန် ဟီနိုဟိုစာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

လမ်း၊ တံတား လုံခြုံရေးနှင့် စည်းကမ်း ထိန်းသိမ်းရေးအဖွဲ့က တန်ပိုတင်လာသော ကားများကို စစ်ဆေးနေစဉ်။

မြန်မာနိုင်ငံရှိ လမ်းနှင့်တံတားများ ထာဝရကောင်းမွန်စေရေးအတွက်

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ လမ်း၊ တံတား လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ယာဉ်များ၏ ဝင်ရိုးထမ်းအလေးချိန် စစ်ဆေး၍ ပညာပေးလုပ်ငန်းများဆောင်ရွက်နေ

➢ သတင်းဆောင်းပါး - ခရမ်းစိုးမြင့်
➢ ဓာတ်ပုံ - မိုးမြင့်လှိုင်

နေပြည်တော် စက်တင်ဘာ ၁၅

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကသည် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေး ဖြစ်သည်။ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်မှသာ ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ပြီး လူမှုဘဝများလည်း မြင့်မားလာနိုင်ပေမည်။

ဖောက်လုပ်ပေး

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုကိုခံယူလျက် တောင်နှင့် မြောက် အလျားလိုက်လမ်းမကြီး ၃၆လမ်း၊ အရှေ့နှင့် အနောက်ကန့်လန့်ဖြတ်လမ်းမကြီး ၄၅လမ်း စုစုပေါင်း လမ်းမကြီး ၈၁လမ်း အပါအဝင် ၂၀၁၀ခုနှစ် မတ်လကုန်အထိ လမ်းမိုင် စုစုပေါင်း ၂၁၃၆၁မိုင်ကျော်အထိ ဖောက်လုပ်ပေးထားပြီး ဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ✳

မြန်မာနိုင်ငံ၏ လမ်းများကို အသုံးပြုသွားလာနေကြသော သစ်လုံးတင်ယာဉ်ကြီးများအား ဝင်ရိုးထမ်း အလေးချိန် စစ်ဆေးခြင်းကို လမ်း၊ တံတား လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ပဲခူးဒီဂရီကောလိပ်အနီး မက်(စ်) မြန်မာကုမ္ပဏီ၏ TOLL GATE ၌ ပြုလုပ်နေစဉ်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် စက်တင်ဘာ ၁၆ ရက်)

ယာဉ်အန္တရာယ်ကင်းဝေးရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလိုက်နာ

ယနေ့အချိန်ကာလ၌ နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်းတွင် ကျေးရွာချင်းဆက်လမ်း၊ ခရိုင်ချင်းဆက်လမ်း၊မြို့နယ်ချင်းဆက်လမ်း၊ လေးလမ်းသွားလမ်းမကြီးများ၊ ခြောက်လမ်းသွား လမ်းမကြီးများ စသည်တို့ကို တိုးမြှင့်ဖောက်လုပ်ပေးလျက်ရှိသည်။

ယင်းသို့ တိုးမြှင့်ဖောက်လုပ်ပေးရခြင်း၏ အဓိကရည်ရွယ်ချက်သည် တိုင်းရင်းသားပြည်သူများ တစ်နေရာမှ တစ်နေရာသို့ သွားလာရာတွင် လွယ်ကူချောမွေ့စေရေးနှင့် ကုန်စည်ကူးသန်းမှု လျင်မြန်သွက်လက်စေရေးအတွက်ဖြစ်သည်။ ထိုမှသည် တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်ဖြစ်သည်။ ထိုသို့သော ရည်ရွယ်ချက်များဖြင့် ဖောက်လုပ်ပေးထားသော လမ်းမကြီးများပေါ်တွင် ခရီးသွားပြည်သူများ၊ ယာဉ်မောင်းသူများအားလုံးသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာပြီး သွားလာမောင်းနှင်ပါက လိုရာခရီးသို့ရောက်မည်ဖြစ်သည်။ လမ်းကောင်းခြင်း၊ လမ်းကျယ်ခြင်းကို အကြောင်းပြု၍ ခရီးသွားများက လမ်းမပေါ် လမ်းလျှောက်ခြင်း၊ ယာဉ်မောင်းများက သတ်မှတ်မိုင်နှုန်းကိုကျော်ပြီး မောင်းနှင်ခြင်းတို့သည် အသက်အန္တရာယ်အတွက် စိုးရိမ်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စေတနာ၊ ရည်ရွယ်ချက်နှင့်အညီ တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖောက်လုပ်ထားသော လမ်းပေါ်တွင် လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းနှင့်အညီ လိုက်နာသွားလာမောင်းနှင်ခြင်းမပြုလျှင် အန္တရာယ်နှင့်ကြုံတွေ့ရပြီး မိမိတို့ဘဝတွင် ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရတတ်သည်။

ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ လျော့နည်းစေရန်အတွက် ယာဉ်မောင်းသူများသည် မိမိကိုယ်ကိုဂရုစိုက်ရန်၊ ယာဉ်ကြံ့ခိုင်ရေးပြုလုပ်ရန်၊ လမ်းဥပဒေလမ်းညွှန်မှုကိုလိုက်နာရန်၊ သတ်မှတ်အရှိန်နှုန်းအား ကျော်လွန်၍ မောင်းနှင်ခြင်းမပြုရန်၊ မိမိစိတ်အားပျံ့လွင့်ခြင်းမရှိရန်၊ မဆင်မခြင် မောင်းနှင်ခြင်းမပြုရန်၊ အရက်သေစာ မူးယစ်ဆေးဝါးမသုံးစွဲရန်၊ ရာသီဥတုကို ဂရုပြု၍ မောင်းနှင်ကြရန်လိုအပ်မည်ဖြစ်သည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများကို လေ့လာကြည့်လျှင် ယာဉ်မောင်းသူများ၏ ပေါ့လျော့မှု၊ စည်းကမ်းမလိုက်နာမှုတို့ကြောင့်ဖြစ်ကြောင်း အများဆုံးတွေ့ရသည်။ ယာဉ်တစ်စီးနှင့်တစ်စီး အပြိုင်မောင်းနှင်ခြင်း၊ ယာဉ်ကြောမှားယွင်းစွာ မောင်းနှင်ခြင်း၊ ယာဉ်ကြော ပိတ်ဆို့၍ ရပ်တန့်ခြင်းတို့ကို ယာဉ်မောင်းသူများ ရှောင်ကြဉ်ကြပါက ယာဉ်ထိခိုက်မှုအန္တရာယ်မှ ကင်းဝေးကြမည်ဖြစ်သည်။

ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် သတ်မှတ်ထားသော ယာဉ်မောင်းလိုင်စင်များဖြင့် ယာဉ်ကိုမောင်းနှင်ခြင်း၊ တတ်ကျွမ်းသည့် ယာဉ်မောင်းတစ်ဦးမဟုတ်လျှင် လမ်းမကြီးပေါ်သို့ တက်ရောက်မောင်းနှင်ခြင်းမပြုကြရန်ကို ယာဉ်စည်းကမ်းထိန်းသိမ်းရေးမှ ပညာပေးဟောပြောပို့ချလျက်ရှိရာ ယာဉ်မောင်းသူနှင့် လမ်းအသုံးပြုသူများအားလုံးက တိကျစွာ လိုက်နာကြပါက ယာဉ်အန္တရာယ်ဘေးမှ ကင်းဝေးသွားမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်မြန်မာ့အသံ
ရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်+နေ့လယ်+ည)

၁၇-၉-၂၀၁၀

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅ တရားတော်
(တောင်တန်းသာသနာပြု
ဆရာတော်ကြီး၏
မောရသုတ်နှင့်
ဂုဏ်တော်ကွန်ချာ)
ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ ပြောပါရစေရှင် (အရှက်တရားလေး
တော့ရှိပါ-သိကြပါ)
၈:၃၅ တေးပဒေသာ
၁၀:၀၀ သောတရှင်လိုရာတေး
၁၀:၃၀ သတင်းစာအာဘော်
၁၀:၄၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀ လေလှိုင်းကြားက ပွဲတင်သံ
၁၁:၄၅ နေ့လယ်ခင်းတေးပဒေသာ
၁၂:၀၀ စံတော်ချိန်
ဆိုကြပျော်ရွှင် တေးသံစဉ်
(Intermediate Level)
၁၂:၃၀ အလုပ်အကိုင်အခွင့်အလမ်း
(ကျန်းမာရေး)
နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက်
ညနေခင်းတေးပဒေသာ
၁၆:၃၀ စစ်သည်အတွက်
တေးလက်ဆောင်
၁၇:၀၀ Music Talk
တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၅ ရင်ခုန်စီးဆင်း
အနုပညာသတင်း (၈)
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ လူမှုစာနာပြန်ကြားလွှာ
၁၈:၂၀ တေးချစ်သူရွေးသီတေးပန်းချီ
နိုင်ငံရေးဦးတည်ချက်
တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၁၀ ညချမ်းချိန်ခါတေးပဒေသာ
၁၉:၂၅ ဇာတ်လမ်းပမာနားဆင်စရာ
(ယောက်ျားဗျ ယောက်ျား)
၁၉:၄၅ တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၁၀ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ
(အကယ်ဒမီ ခင်စိုးပိုင်)
စီးပွားရေးဦးတည်ချက်
၂၀:၄၀ တေးပဒေသာ
၂၁:၀၀ ဆောင်းပါး (ပျော်ရွှင်ခြင်း)
၂၁:၀၅ ခံစားနားဆင် မြန်မာတေးသံစဉ်
လူမှုရေးဦးတည်ချက်
ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနား
တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၅

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးသိန်းသည် စက်တင်ဘာ ၈ရက်က စစ်တွေမြို့ခန်းမ၌ ကျင်းပသော နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များသည် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား မှတ်တမ်းဓာတ်ပုံပြခန်းကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် စက်တင်ဘာ ၁၀ရက်က စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးမှူး (အခွန်) ဒေါ်နုနုစိုး ဦးစီးသည့် အဖွဲ့ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာန ဝန်ထမ်းများပူးပေါင်း၍ အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ
လှိုင်သာယာမြို့နယ် ညောင်ကျေးရွာ၌ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၅

လှိုင်သာယာမြို့နယ် ညောင်ကျေးရွာရှိ ရွှေညောင်မြေ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို အဆိုပါ စာကြည့်တိုက်ခန်းမရှေ့၌ စက်တင်ဘာ ၇ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီလွင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းအေးနှင့် ညောင်ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းထိုက်တို့က ဖဲကြိုးဖြတ်၍ အဆောက်အအုံသစ်ကို ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် စံ(၅)ရပ်စာကြည့်တိုက် အကြောင်းကို ရှင်းလင်းပြောကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ကျေးရွာဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တက်ရောက်လာကြသူများက အဆောက်အအုံနှင့် နံရံကပ် ပိုစတာများ၊ စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုကြသည်။ **(မြို့နယ်ပြန်/ဆက်)**

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်
ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ။

လက်ခံယူ

လပွတ္တာမြို့နယ် ပြင်စလူမြို့ရှိ ကျောင်းများတွင် ကျောင်းသား ကျောင်းသူများ မိုးတွင်းကာလ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရေးအတွက် မိုးစီးဖိနပ်အရန် ၄၇၀ကို ရန်ကုန်မြို့နေ ဦးထွန်းထွန်း- ဒေါ်သင်းသင်းစိုး (ရွှေပြည့်ငွေလျှံ အမွေးတိုင်) မိသားစုက ပေးအပ်လှူဒါန်းရာ အထက ပြင်စလူ ကျောင်းအုပ်ကြီးနှင့် ကျောင်းသား ကျောင်းသူများ လက်ခံယူစဉ်။ (ပညာရေး)

ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့ စည်းဝေး ဘဏ္ဍာ/အခွန် ဝန်ကြီးဦးလှထွန်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၁၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၁၂၁)ကြိမ်မြောက် အစည်းအဝေးကို စက်တင်ဘာ ၁၄ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း တက်ရောက် အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဝန်ကြီး ဦးလှသိန်းဆွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းတို့က ဘဏ်လုပ်ငန်းဆိုင်ရာများ ဆွေးနွေးပြောကြားကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံဘဏ်များအသင်းမှ အမှုဆောင်အဖွဲ့ဝင်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များက တင်ပြရန်ရှိသည်များ၊ ဆွေးနွေးရန်ရှိသည်များကို ရှင်းလင်းဆွေးနွေးကြပြီး နိုင်ငံတော်ပိုင်ဘဏ်များမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပုဂ္ဂလိကပိုင်ဘဏ်များမှ ဥက္ကဋ္ဌများနှင့် အုပ်ချုပ်မှုဒါရိုက်တာများက ယခုလအတွင်း ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ပံ့ပိုးဆောင်ရွက်

ယင်းနောက် ဝန်ကြီးဦးလှထွန်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံစီးပွားရေးဖွံ့ဖြိုးရန် အရေးပါသော ငွေရေးကြေးရေးကဏ္ဍကို ဦးဆောင်ဦးရွက်ပြုနိုင်သော အသင်းကြီးအဖြစ် ရပ်တည်နိုင်ရန် ကြိုးပမ်းကြရေး၊ ဘဏ်များအားလုံးသည် ပြည်သူလူထု၏ စီးပွားဖွံ့ဖြိုးမှု အရှိန်အဟုန်ပိုမိုမြင့်မားစေရန်အတွက် စိတ်စေတနာကောင်းဖြင့် ဘဏ်လုပ်ငန်းကဏ္ဍက ပံ့ပိုးဆောင်ရွက်သွားရေးတို့ကို ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပလတ်စတစ်ဆန်ခါပိုက်ဖြင့် စပါးပျိုးထောင်စိုက်ပျိုးနည်း သရုပ်ပြပွဲ ကလော၌ကျင်းပ

ကလော စက်တင်ဘာ ၁၅

ပလတ်စတစ်ဆန်ခါပိုက်အသုံးပြု၍ စပါးပျိုးထောင်စိုက်ပျိုးနည်းစနစ် သရုပ်ပြပွဲ အခမ်းအနားကို ဇူလိုင် ၁၃ရက်က ကလောမြို့နယ် အောင်ပန်းမြို့ တောင်သူဦးအောင်မြင့်၏ လယ်မြေ၌ နံနက် ၉နာရီက ကျင်းပရာ အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များနှင့် ကလောမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း စိုက်ပျိုးရေးမန်နေဂျာ၊ ဝန်ထမ်းများနှင့် တောင်သူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်မန်နေဂျာ ဒေါ်လှလှညွန့်က သရုပ်ပြပွဲကျင်းပရခြင်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းခဲ့ကြောင်း သိရသည်။ **(၁၈၉)**

ဩဂုတ် ၂၄ရက်က မြောင်းမြမြို့ ၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရကျောင်းသားများအား ဆုပေးပွဲအခမ်းအနား၌ အလှူရှင် ဆရာကိုတူး(ပညာစံအိမ်ဘော်ဒါဆောင်)က ဂုဏ်ထူးရ ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

အညစ်အကြေးမျိုးစုံမှ အနံ့ဆိုးများ သန့်စင်ပေးနိုင်သည့် အနံ့သန့်ဆေးရည်ထုတ်လုပ်ဖြန့်ဖြူး

ရန်ကုန် စက်တင်ဘာ ၁၅

နေအိမ်၊ တိုက်ခန်း၊ ရုံး၊ ကျောင်း၊ ဈေး စသည့် ပတ်ဝန်းကျင်တို့တွင် လူနှင့်တိရစ္ဆာန်တို့ စွန့်ပစ်သည့် အညစ်အကြေးမျိုးစုံတို့မှ ထွက်ပေါ်လာသည့် အနံ့ဆိုးများကို သန့်စင်ပေးနိုင်သော အနံ့သန့်ဆေးရည် (BIO-DEODORANT) ကို Advanced Bio-Enviro Care က တီထွင်ထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

သဘာဝဇီဝစွမ်းအားဖြင့် အနံ့ဆိုးများကင်းစေသည့် အနံ့သန့်ရည် (BIO-DEODORANT) ကို အိမ်သာခွက်ထဲသို့လောင်းထည့်ပြီး ရေဆွဲချပေး၊ ရေလောင်းချပေးကာ ပုလင်းကိုရေကျင်းပြီး ခွက်ထဲသို့ ထပ်မံလောင်းချအသုံးပြုရန်ဖြစ်ကြောင်း၊ မိသားစုတစ်စုလုံးအတွက် တစ်ပုလင်း၊ လူများလျှင် နှစ်ပုလင်းနှင့် စုပေါင်းတိုက်ခန်းများအတွက် တစ်ခန်း တစ်ပုလင်းနှုန်း ထည့်ရမည်ဖြစ်ကြောင်း၊ တိုက်ခန်းတစ်ခန်းချင်း ထည့်ခြင်းဖြင့် မိမိအိမ်သာမှကျင်းအထိ ပိုက်လိုင်းတစ်လျှောက်လုံးကိုပါ သန့်စင်စေကြောင်း၊ အိမ်သာကျင်းထဲသို့ တိုက်ရိုက်ထည့်လျှင် ငါးပုလင်းမှ ၁၀ ပုလင်းအထိသာ သုံးရန်လိုအပ်ကြောင်း၊ အနံ့သန့်ဆေးရည်အသုံးပြုခြင်းဖြင့် အိမ်သာကျင်းများအတွင်း ပေါက်ပွားနေသည့် ပိုးဟပ်များပါ ကင်းရှင်းသွားစေနိုင်ကြောင်း သိရသည်။

နေအိမ်မှ ပြင်ပသို့စီးထွက်သည့် ရေဆိုးမြောင်းအတွက် အနံ့သန့်ရည်တစ်ပုလင်းလျှင် ရေ ၁၀ ဆ ရောပြီး လောင်းထည့်ပေးရုံဖြင့် အနံ့ဆိုးများသန့်စင်နိုင်ကြောင်း၊ ရေဆိုးကန်များအတွက် ရေဆိုးပမာဏအလိုက် တစ်ပုလင်းမှ ၁၀ ပုလင်းအထိ ရေ ၁၀ ဆထက်မနည်းရောစပ်ပြီး ကန်မျက်နှာပြင်အနှံ့ရောက်ရှိအောင် ဖျန်းပက်ပေးရမည်ဖြစ်ကြောင်း၊ အစိုဓာတ်ရှိပြီး အနံ့ဆိုးထွက်သည့် နေရာများအတွက် အညစ်အကြေးပမာဏအရ တစ်ပုလင်းမှ ၁၀ ပုလင်းအထိကို ရေအဆ ၅၀ ထက်မနည်းရောစပ်ပြီး အညစ်အကြေးအစုအပုံ၏ မျက်နှာပြင်အနှံ့ရောက်ရှိအောင် ဖျန်းပက်ပေးပါက အနံ့ဆိုးများ ပယ်ဖျောက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

သဘာဝပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်စေပြီး အန္တရာယ်ဖြစ်စေနိုင်သော ဓာတ်ပစ္စည်းများနှင့် အနံ့ဆိုးများကို သန့်စင်ပေးခြင်းဖြင့် အန္တရာယ်ကင်းရှင်းသည့် သဘာဝပတ်ဝန်းကျင်အဖြစ် ဖန်တီးပေးနိုင်သည့် အနံ့သန့်ရည် (BIO-DEODORANT) ကို ရယူအသုံးပြုလိုသူများ၊ လက်လီလက်ကား တစ်ဆင့်ဖြန့်ဖြူးလိုသူများသည် Advanced Bio- Enviro Care အမှတ် ၁၁၁ စံပယ်လမ်း ထန်းပင်ကုန်းရပ် စော်ဘွားကြီးကုန်း အင်းစိန်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၆၄၀၂၁၈ နှင့် ၀၉-၅၀-၁၀၃၂၈၊ e-mail:amyint @ advancedbio. com.mm နှင့် စိုက်ပျိုးရေးပံ့ပိုးပစ္စည်းအရောင်းဆိုင်၊ မြေပဒေသာကျွန်း ဖုန်း ၀၁-၅၄၄၇၆၇တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်သည်။ **(သတင်းစဉ်)**

ဩဂုတ် ၆ရက်က သပိတ်ကျင်းမြို့ ဇရပ်ကွင်းကျေးရွာ ရွှေရတနာဈေးအတွင်း မီးဘေးကာကွယ်ရေး စစ်ဆေးရေးအဖွဲ့၊ အမှုဆောင်အရာရှိ ဦးအောင်ကျော်ဟိန်းနှင့် တာဝန်ရှိသူများက ဈေးသူ ဈေးသားများအား မီးငြိမ်းသတ်ပစ္စည်းကိရိယာများ အသုံးပြုပုံကို လက်တွေ့ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

ဟသ်ာတ စက်တင်ဘာ ၁၅

ဟသ်ာတမြို့နယ် ရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၈ရက် နံနက် ၈နာရီခွဲက အမက(ပနောင်) ကျောင်းခန်းမ၌လည်းကောင်း**(ဝဲပုံ)**၊ မွန်းလွဲ ၁နာရီခွဲတွင် တွဲဖက်အလက(စစ်ကုန်း) ကျောင်းခန်းမ၌လည်းကောင်း ကျင်းပသည်။

အဆိုပါသင်တန်းတွင် မြို့နယ်ဥပဒေအရာရှိ ဦးမောင်မောင်ကြည်ဝင်း၊ ဦးလှငွေနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှဲ့လှဲ့အေးတို့က ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို ဆွေးနွေးပို့ချကြသည်။ **(၁၇၇)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၉-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	နိဗ္ဗာန်အလုပ်ပေး တရားတော် (ဆရာတော်ဘဒ္ဒန္တကဥ္စနသာရ)
၆:၄၀	ပုသိမ်မြို့ကျက်သရေဆောင် ရွှေမုဋ္ဌောစေတီတော်
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၅)
၇:၂၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၀၉)
၈:၄၀	သီတဂူသာသနာပြုအဖွဲ့၏ မေတ္တာအလှူတော်
၈:၅၅	ပါရမီရှင်တို့ပေါင်းစုဆုံစည်းရာ မန်းစက်တော်ရာ ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ
၉:၁၅	ဒစ်ဂျစ်တယ်အလှကမ္ဘာ
၉:၃၀	Science For All (ကော်ဖီရဲ့သမိုင်းစဉ်) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
၉:၅၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ **ဥတ်ရှယ်သမက်**
၁၀:၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၄၅	The Champion of Dance
၁၁:၂၀	စစ်ကိုင်းတောင်ရိုး ကျေးဇူးတော်ရှင် သမ္ဗုဒ္ဓာရာမတိုက်သစ် ဆရာတော်ကြီး၏သက်တော်ရာကျော်ပူဇော်ပွဲ
၁၁:၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂:၁၅	နှလုံးကျန်းမာသက်ရှည်ရန် သိဖွယ်နည်းလမ်းများ (ဒုတိယပိုင်း) (ပါမောက္ခဒေါက်တာမြသိန်းဟန်)
၁၂:၄၅	စားချင်စဖွယ်နည်းအသွယ်သွယ် (ရွှေတောင်မုန့်ဟင်းခါး ပြုလုပ်နည်း)
၁:၀၀	နိဗ္ဗာန်အလုပ်ပေး တရားတော် (ဆရာတော်ဘဒ္ဒန္တကဥ္စနသာရ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	ရွေးချယ်အစုံစုံ ရင်သွေးရိပ်မြုံ (Imperial Merit Pre School)
၂:၄၀	ပါရမီရှင်တို့ပေါင်းစုဆုံစည်းရာ မန်းစက်တော်ရာ ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ
၃:၀၅	ဒစ်ဂျစ်တယ်အလှကမ္ဘာ
၃:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၅)
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၀၉)
၄:၄၀	သီတဂူသာသနာပြုအဖွဲ့၏ မေတ္တာအလှူတော်
၅:၀၀	ရန်ကုန်မြင်ကွင်းကျယ် (မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေး)
၅:၁၅	ဓာတ်ပုံထဲမှအမှတ်တရများ (ကောင်းခန့်)
၅:၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀	MRTV-4 သတင်း
၆:၂၀	အားကစားမြင်ကွင်းစုံ
၆:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၆)
၇:၁၅	Style ရှိမှ Star ဖြစ်မယ်
၈:၀၀	MRTV-4 သတင်း
၈:၃၀	စကားနပန်း (ပိုက်ဆံချေးတာကောင်းတယ်၊ ပိုက်ဆံမချေးတာကောင်းတယ်)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၁၀)
၁၀:၁၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ **ဥတ်ရှယ်သမက်**
၁၀:၄၀	ဂီတသရုပ်ပြခန်း (Sweety- စိတ်ကူးများနှင့်ကျွန်မ)
၁၁:၀၅	အနုပညာမိုးကောင်းကင်
၁၁:၃၀	သင်ယူလေ့လာဂီတပညာ (Song Writing Module-01)
၁၁:၅၅	စစ်ကိုင်းတောင်ရိုး ကျေးဇူးတော်ရှင် သမ္ဗုဒ္ဓာရာမတိုက်သစ် ဆရာတော်ကြီး၏သက်တော်ရာကျော်ပူဇော်ပွဲ
၁၂:၁၅	Music Talk (မိဘမေတ္တာ)
၁၂:၂၅	ရွေးချယ်အစုံစုံ ရင်သွေးရိပ်မြုံ (Imperial Merit Pre School)
၁၂:၄၅	စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၁:၁၅	Let's Dance (The Uranium Dance Studio)
၁:၃၀	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (သန်းသန်းနွယ်)
၂:၀၅	**တစ်ပြည်ဝင်အိုး** အကယ်ဒမီဇော်ဦး၊ ခိုင်ခန့်၊ မျိုးစန္ဒီကျော်၊ အာကာစိုး၊ အကယ်ဒမီ နွဲ့နွဲ့မူ [ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)]
၂:၂၅	RO ဆိုတဲ့ KTM
၂:၅၅	စားချင်စဖွယ်နည်းအသွယ်သွယ် (ရွှေတောင်မုန့်ဟင်းခါးပြုလုပ်နည်း)
၃:၀၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၅	ရှေ့သို့ရည်မှန်းမြန်မာ့စက်မှုလုပ်ငန်း (ခေတ်မီအစားထိုး Steel ပစ္စည်းအမျိုးမျိုး)
၄:၃၀	ထင်ရှားဖူးမြော် မွေတော်ကဏ္ဍူစေတီတော်
၄:၄၅	ထုဆစ်သွန်းပြု အလိုတော်ပြည့် ဆင်းတု
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အာဖဂန် မြောက်ပိုင်း၌ ဂျာမနီတပ်ဖွဲ့ဝင်သေဆုံး ယခုနှစ်အတွင်း နေတိုးတပ်ဖွဲ့ဝင် ၅၀၀ကျော် သေဆုံးခဲ့

ကွန်ဒုဇ် (အာဖဂန်နစ္စတန်) စက်တင်ဘာ ၁၅

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း ကွန်ဒုဇ်ပြည်နယ်တွင် စက်တင်ဘာ ၁၄ရက်က နေတိုးတပ်ဖွဲ့မှ ဂျာမနီတပ်ဖွဲ့ဝင် တစ်ဦး ဗုံးခွဲတိုက်ခိုက် ခံရပြီး ရရှိထားသော ဒဏ်ရာဖြင့် သေဆုံးသွားကြောင်း နေတိုးတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ထိခိုက်ဒဏ်ရာရ

နေတိုးတပ်ဖွဲ့မှ ဂျာမနီတပ်ဖွဲ့ဝင်များသည် ထိုနေ့က ချာဒါရာခရိုင်အတွင်း ကင်းလှည့်သွားစဉ် တာလီဘန်အဖွဲ့ ထောင်ထားသည့် ဗုံးပေါက်ကွဲပြီး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဝက်ဆဲလ်က ဆင်ဟွာသို့ ပြောကြားသည်။ **(ယာပုံ)**

ပါဝင်

အာဖဂန်နစ္စတန်နိုင်ငံ ပြန်လည်တည်ငြိမ်မှုရရှိရေးအတွက် အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ အာဖဂန်နစ္စတန်၌ စစ်ရေးတာဝန်ယူ ဆောင်ရွက်လျက်ရှိရာ ဂျာမနီတပ်ဖွဲ့ဝင် ၄၀၀၀ကျော် ပါဝင်ကြောင်း သိရသည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် ယခုနှစ်အတွင်း အကြမ်းဖက်တိုက်ခိုက်ခံရပြီး နေတိုးတပ်ဖွဲ့ဝင် ၅၀၀ကျော် သေဆုံးခဲ့ပြီဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် စက်တင်ဘာ ၁၅

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး စက်တင်ဘာ ၁၅ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၃၄၆၉ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၇၂၉၁၃ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၃၄၆၉ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၂၉၁၃ ဦး

(အင်တာနက်)

အီရတ်နိုင်ငံ ဒီယာလာပြည်နယ်အတွင်း အကြမ်းဖက်မှု အရပ်သားတစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရ

အီရတ်နိုင်ငံ ဒီယာလာပြည်နယ် ဘူရပ်မြို့အနီး အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားစဉ် သေဆုံးသူ တစ်ဦး၏ ဆွေမျိုးများ ဝမ်းနည်းငိုကြွေးနေကြစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘာကူဘာ စက်တင်ဘာ ၁၅

အီရတ်နိုင်ငံ ဒီယာလာပြည်နယ်အတွင်း အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက မသင်္ကာသူ ၁၁ဦးကို စက်တင်ဘာ ၁၄ရက်က ဖမ်းဆီးစဉ် သူပုန်တို့၏ ဗုံးခွဲတိုက်ခိုက်မှုတို့ကြောင့် အရပ်သားတစ်ဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ကြေညာသည်။

စစ်ဆေး

ပြည်နယ်မြို့တော် ဘာကူဘာ တောင်ဘက် ဘူရပ်မြို့အနီး ကျေးရွာတစ်ရွာအတွင်း ထိုနေ့နံနက် အရုဏ်တက်ချိန်တွင် အမည်မသိသေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် အရပ်သားတစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွားသည်။ လုံခြုံရေးတပ်များက အခင်းဖြစ်ဒေသကို ဝိုင်းလိုက်ပြီး သင်္ကာမကင်းရှိသူ နှစ်ဦးကို စစ်ဆေးရန် ဖမ်းဆီးလိုက်သည်။

အီရန်-အီရတ်နယ်စပ်အနီး မြို့တစ်မြို့အပြင်ဘက်တွင် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို လမ်းဘေးဗုံးခွဲတိုက်ခိုက်သဖြင့် နယ်ခြားစောင့်တပ်အရာရှိတစ်ဦး အပါအဝင် သုံးဦး ဒဏ်ရာရရှိသွားသည်။ ဘာကူဘာမြို့မြောက်ပိုင်းမှ လမ်းဘေးဗုံးခွဲတိုက်ခိုက်သည့် သီးခြားဖြစ်စဉ်တွင် လူနှစ်ဦးဒဏ်ရာရရှိသွားသည်။ **(အင်တာနက်)**

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် စက်တင်ဘာ ၁၅

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး စက်တင်ဘာ ၁၅ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၁၄၀ ရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၉၇၉၂ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၁၄၀ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၃၉၇၉၂ ဦး

(အင်တာနက်)



နေတိုးတပ်ဖွဲ့၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရ ကလေးတစ်ဦးအား ကဘူးလ်မြို့ အရှေ့ဘက် အယ် ဂျာ လာ လာ ဘတ် ဆေးရုံ၌ ဆေးကုသမှုပေးလျက်ရှိသည်ကို စက်တင်ဘာ ၁၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဒီယာလာပြည်နယ် စစ်ဆင်ရေး၌ ၁၁ ဦးသေဆုံး၊ ၁၂ ဦး ဒဏ်ရာရရှိခဲ့

ဘဂ္ဂဒက် စက်တင်ဘာ ၁၅

အီရတ်နိုင်ငံအရှေ့ပိုင်း ဒီယာလာပြည်နယ်ရှိ အယ်လ်ခိုင်ဒါအဖွဲ့ခိုအောင်းရာဒေသ၌ စက်တင်ဘာ ၁၃ ရက်က ဖြစ်ပွားသည့် တိုက်ပွဲတွင် ၁၁ဦး သေဆုံးပြီး ၁၂ဦး ဒဏ်ရာရရှိကြောင်း၊ လက်နက်ကိုင်များဟု သံသယရှိသူ ၂၇ ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံးသူများတွင် စစ်ဘက်ဆိုင်ရာ အရာရှိတစ်ဦးအပါအဝင် အီရတ်တပ်ဖွဲ့ဝင် လေးဦးနှင့် အယ်လ်ခိုင်ဒါ လက်နက်ကိုင် ခုနစ်ဦးတို့ပါဝင်ပြီး ဖမ်းဆီးထားသူ ၂၇ ဦးမှာ အယ်လ်ခိုင်ဒါအဖွဲ့ဝင်များဖြစ်သည်ဟု အမည်မဖော်လိုသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ ယင်းတိုက်ပွဲအတွင်း အယ်လ်ခိုင်ဒါ လက်နက်ကိုင်များကို ပစ်မှတ်ထားကာ အမေရိကန်ရဟတ်ယာဉ်များက လေကြောင်းမှ ပစ်ကူပေး တိုက်ခိုက်ခဲ့သည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနီး၌ ရဲအရာရှိနှစ်ဦး သေနတ်ဖြင့် ပစ်သတ်ခံရ

ဘဂ္ဂဒက် စက်တင်ဘာ ၁၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနီး၌ စက်တင်ဘာ ၁၄ ရက်က တိုက်ခိုက်မှုနှစ်ခုအတွင်း ရဲအရာရှိနှစ်ဦး သေဆုံးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ ပထမတိုက်ခိုက်မှုသည် ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက် အယ်လ်ဟာရီယက်မြို့တွင် အမည်မသိ သေနတ်သမားတစ်ဦးက အသံတိတ်သေနတ်ဖြင့် ကားမောင်းရင်း ပစ်ခတ်ခဲ့မှုကြောင့် ရဲမှူးတစ်ဦးသေဆုံးသွားသည်။ ဒုတိယတိုက်ခိုက်မှုသည် ဘဂ္ဂဒက်မြို့ အနောက်ဘက် အယ်လ်ဂျာမီးယားမြို့တွင် ဖြစ်ပွားခြင်းဖြစ်ပြီး အလားတူ အသံတိတ်သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ရဲအရာရှိတစ်ဦး ထပ်မံသေဆုံးသွားကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အာဖဂန်တောင်ပိုင်း တိုက်ပွဲဖြစ် တာလီဘန်သူပုန် ၁၄ဦး သေဆုံး

ကဘူးလ် စက်တင်ဘာ ၁၅

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဥရုဂန်ပြည်နယ်အတွင်း လုံခြုံရေးကင်းလှည့်စဉ် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် နေတိုးဦးဆောင်သည့် နိုင်ငံတကာတပ်ဖွဲ့ဝင်များအား တာလီဘန်တို့က တိုက်ခိုက်လာသဖြင့် တုံ့ပြန်တိုက်ခိုက်ရာတွင် တာလီဘန်သူပုန် ၁၄ဦး စက်တင်ဘာ ၁၄ရက်က သေဆုံးခဲ့ကြောင်း နေတိုးဦးဆောင်သည့် နိုင်ငံတကာတပ်ဖွဲ့က ကြေညာသည်။

တိုက်ပွဲဖြစ်ပွားရာနေရာ အတိအကျကို ထုတ်ဖော်ကြေညာခြင်း မရှိသော်လည်း အာဖဂန် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် နေတိုးဦးဆောင်သည့် နိုင်ငံတကာတပ်ဖွဲ့ဝင်များက သူပုန်နှိမ်နင်းရေးတွင် လေကြောင်း အကူအညီတောင်းသဖြင့် သူပုန်များအား လေကြောင်းမှလည်း တိုက်ခိုက်ခဲ့ကြောင်း သိရသည်။ တာလီဘန် သူပုန် ၁၄ဦး သေဆုံးသည့် ဤဖြစ်စဉ်မှာ ယခုနှစ် စက်တင်ဘာ ၁၈ရက်တွင် ကျင်းပမည့် ဒုတိယအကြိမ်ရွေးကောက်ပွဲ မပြုလုပ်မီဖြစ်ပွားခြင်း ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အမ်နက်စတီး၏ စွပ်စွဲချက်များ အီရတ်ငြင်းဆို

ဘဂ္ဂဒက် စက်တင်ဘာ ၁၅

အီရတ်နိုင်ငံ၌ ထောင်ပေါင်းများစွာသော အကျဉ်းသားများကို တစ်စုံတစ်ရာ စစ်ဆေးခြင်းမပြုဘဲ နှစ်ပေါင်းများစွာ အကျဉ်းချ ဖမ်းဆီးထားကြောင်း၊ အများအပြားမှာ မကြာမီက အမေရိကန်ထိန်းချုပ်မှုမှ လွှဲပြောင်းရယူပြီးနောက် ညှဉ်းပန်းနှိပ်စက်ခံရကြောင်း နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (အမ်နက်စတီး)၏ စွပ်စွဲချက်များမှာ မဟုတ်မမှန်ကြောင်း အီရတ်က စက်တင်ဘာ၁၄ရက်တွင် ငြင်းပယ်လိုက်သည်။ အမ်နက်စတီး၏ အစီရင်ခံစာပါ စွပ်စွဲချက်များမှာ မဟုတ်မမှန်ကြောင်း အီရတ်အစိုးရက ပယ်ချလိုက်သည်ဟု အီရတ်ဝန်ကြီးချုပ် မာလီကီ၏ရုံးမှ ဆေးဘက်အကြံပေးအရာရှိ အယ်မူဆာဝီက သတင်းထောက်များအား ပြောကြားသည်။

အီရတ်အာဏာပိုင်များသည် ဖမ်းမိသူ တစ်စုံတစ်ဦးကို မချုပ်နှောင်မီ တရားဥပဒေလုပ်ထုံးလုပ်နည်းအားလုံးအတိုင်း လိုက်နာဆောင်ရွက်ကြောင်း ဆေးဘက်အကြံပေးအရာရှိ အယ်မူဆာဝီက ရှင်းလင်းပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီဖယ်လ်မျှော်စင်အနီး ဗုံးလန့်မှုဖြစ်ပွား

ပါရီ စက်တင်ဘာ ၁၅

ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ကမ္ဘာကျော် အီဖယ်လ်မျှော်စင်**(ယာပုံ)**အနီး ဗုံးခွဲတိုက်ခိုက်ရန် စီစဉ်ထားကြောင်း တယ်လီဖုန်းဖြင့် ခြိမ်းခြောက်မှုတစ်ရပ်ကို စက်တင်ဘာ ၁၄ရက်ညက လက်ခံရရှိပြီးနောက် ရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးနှင့် ရှာဖွေရေးလုပ်ငန်းများ အမြန်ဆောင်ရွက်ခဲ့ရကြောင်း ပါရီမြို့ရဲတပ်ဖွဲ့က စက်တင်ဘာ ၁၅ရက်တွင် ပြောကြားသည်။

တားဆီး

တယ်လီဖုန်းဖြင့် ဗုံးထောင်ထားသည့်သတင်း လက်ခံရရှိပြီးနောက် ရဲတပ်ဖွဲ့ဝင်များက အီဖယ်လ်မျှော်စင်ကြီး အနီးဝန်းကျင်အား ပိတ်ဆို့ထားလိုက်ပြီး အလည်အပတ်လာရောက်လေ့လာနေသည့် ကမ္ဘာလှည့်ခရီးသွားများအား ဘေးကင်းရာသို့ ရှောင်တိမ်းစေပြီး လာရောက်နေသည့် ခရီးသွားများကိုလည်း အီဖယ်လ်မျှော်စင်သို့ မသွားရန် တားဆီးခဲ့ရသည်။

သံသယဖြစ်ဖွယ်

တယ်လီဖုန်းဖြင့် ပြောကြားရာတွင် အီဖယ်လ်မျှော်စင်အနီး၌ အဝတ်ဖြင့်ပတ်ထားသည့် ဗုံးတစ်လုံးကို တွေ့ရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့သော်လည်း ရဲတပ်ဖွဲ့ဝင်များက နှစ်နာရီခန့် ရှာဖွေမှုပြုလုပ်ခဲ့ရာတွင် သံသယဖြစ်ဖွယ် မည်သည့်အရာမျှ မတွေ့ရှိခဲ့ရကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ပြန်လည်ဖွင့်လှစ်

ည ၉နာရီမထိုးခင်အချိန်တွင် ရဲတပ်ဖွဲ့ဝင်များရောက်ရှိလာပြီး အီဖယ်လ်မျှော်စင်အတွင်းနှင့် အနီးဝန်းကျင်မှ ခရီးသွားများနှင့် ပြည်သူများကို အရေးပေါ်ဖယ်ရှားစေခဲ့သဖြင့် အားလုံး အထိတ်တလန့်ဖြစ်သွားကာ ရတ်ရတ်သဲသဲ ဖြစ်ပွားခဲ့သည်။ ယင်းအချိန်၌ အီဖယ်လ်မျှော်စင်နှင့် အနီးတစ်ဝိုက်၌ ခရီးသွားဧည့်သည် ၂၅၀၀ခန့်ရှိနေသည်။ ထို့နောက် နှစ်နာရီခန့်အကြာတွင် ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

အီဖယ်လ်မျှော်စင်သည် ပါရီမြို့လယ်တွင်တည်ရှိရာ ပြီးခဲ့သည့် ဇူလိုင် ၁၁ရက်ကလည်း ပြင်သစ်လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းပေါ်၌ ဗုံးလန့်ခဲ့သောကြောင့် အရေးပေါ်ဆင်းသက်ခဲ့ရာတွင် အီဖယ်လ်မျှော်စင်အနီး ဖြတ်သန်းခဲ့သဖြင့် မြို့လယ်တွင် ထိတ်လန့်မှုဖြစ်ပွားခဲ့ရသေးသည်။ **(အင်တာနက်)**

အကြီးဆုံး အရပ်ဘက်သုံးရဟတ်ယာဉ် တရုတ်၌ ပထမဆုံးထုတ်လုပ်နိုင်

ပေကျင်း စက်တင်ဘာ ၁၅

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စီပြည်နယ်ရှိ ပြည်တွင်းလေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ (အေဗွီအိုင်စီ)မှ အကြီးဆုံး အရပ်ဘက်သုံး (အေစီ-၃၁၃) ရဟတ်ယာဉ်ကို **(အောက်ပုံ)** ပထမဆုံးအောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ကြောင်း ပြည်တွင်းလေယာဉ်ကုမ္ပဏီက စက်တင်ဘာ ၁၄ရက်တွင် ပြောကြားသည်။

တင်ဆောင်နိုင်

အဆိုပါ (အေစီ-၃၁၃) အရပ်ဘက်သုံးရဟတ်ယာဉ်သည် အလေးချိန် ၁၃ဒသမစတန်ရှိပြီး ခရီးသည် ၂၇ဦး တင်ဆောင်နိုင်ကာ ကီလိုမီတာ၉၀၀အကွာအဝေးအထိ ပျံသန်းနိုင်သည်ဟု ပြည်တွင်းစက်မှုကော်ပိုရေးရှင်းနှင့် ပုံဖော်အင်ဂျင်နီယာဌာနမှ အကြီးအကဲက ပြောကြားသည်။

အသုံးပြုနိုင်

ယင်း(အေစီ-၃၁၃) ရဟတ်ယာဉ်ဖြင့် ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းများ၊ တောမီးငြိမ်းသတ်ရေးနှင့် မြို့ပြအိမ်ရာ အဆောက်အအုံမီးလောင်မှု မီးငြိမ်းသတ်ရေးတို့တွင် အသုံးပြုနိုင်သည်ဟုဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပေါင်သုံးသိန်းတန်သည့် ရှေးခေတ်ခေါင်းဆောင်း

ရောမ စက်တင်ဘာ ၁၅

အင်္ဂလန်နိုင်ငံအနောက်မြောက်ပိုင်း ကမ်ဘာရီရာမြို့အနီး၌ လွန်ခဲ့သည့်နှစ်ပေါင်းများစွာက အသုံးပြုခဲ့သော မျက်နှာဖုံးပါ ကြေးခေါင်းဆောင်းတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ရာ ၎င်းပစ္စည်းကို လေလံတင်ရောင်းချမည်ဟု စက်တင်ဘာ ၁၅ရက်၌ ခရစ္စတင်း လေလံတင်ရောင်းချရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အသုံးပြုခဲ့

၎င်းမျက်နှာဖုံးပါကြေးခေါင်းဆောင်းမှာ တောက်ပသော အရောင်များခြယ်သထားပြီး ကြေးဖြင့်ပြုလုပ်ထားခြင်းဖြစ်ရာ ရောမခေတ်စစ်သည်များ အသုံးပြုခဲ့သည့် စစ်ပွဲဝင်မျက်နှာဖုံး ဖြစ်နိုင်ကြောင်း ရှေးဟောင်းသုတေသနပညာရှင်များက သုံးသပ်ထားသည်။

ဗြိတိန်နိုင်ငံ၏ အခြားနေရာများ၌လည်း ၎င်းကြေးဦးခေါင်းဆောင်းမျိုးနှစ်ခုကို ၁၇၉၆ခုနှစ်နှင့် ၁၉၀၅ခုနှစ်တို့၌ ရှာဖွေတွေ့ရှိခဲ့ဖူးရာ ခေတ်ပြိုင်အသုံးပြုခဲ့သည့် ခေါင်းဆောင်းများ ဖြစ်သည်ဟု ဆိုသည်။

လေလံတင်ရောင်းချ

၎င်းမျက်နှာဖုံးပါ ကြေးခေါင်းဆောင်းကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ လာမည့် အောက်တိုဘာ ၇ရက်၌ ခရစ္စတင်း လေလံတင်အဖွဲ့မှ လေလံတင်ရောင်းချမည်ဖြစ်ရာ ပေါင် ၃၀၀၀၀၀ ခန့်ရရှိမည်ဟု ခန့်မှန်းထားသည်။

တွေ့ရှိ

ယခုတွေ့ရှိရသည့် ကြေးခေါင်းဆောင်းမှာ (အပေါ်ဝဲပုံ) ကမ်ဘာရီရာမြို့အနီး လယ်ကွက်တစ်ခုအတွင်းမှ ပြီးခဲ့သည့်မေလအတွင်းက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

ပါကစ္စတန်၌ လမ်းဘေးဗုံးပေါက်ကွဲ လေးဦးသေဆုံး၊ လေးဦးဒဏ်ရာရ

အစ္စလမ္မာဘတ် စက်တင်ဘာ ၁၅

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ကာရမ်ဒေသတွင် စက်တင်ဘာ ၁၄ရက်က လမ်းဘေးဗုံးပေါက်ကွဲသဖြင့် မော်တော်ယာဉ် တစ်စီးထိမှန်ရာ အနည်းဆုံးလေးဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာရုပ်မြင်သံကြားက ထုတ်လွှင့်ကြေညာသည်။

အဆိုပါယာဉ်မှာ ပါရာချိုင်းနားမြို့မှ ဆက်ဒါသို့ အသွားလမ်းတွင် အဝေးထိန်းကိရိယာဖြင့် လမ်းဘေးဗုံးခွဲတိုက်ခိုက်ခံရခြင်းဖြစ်သည်။ ဗုံးခွဲတိုက်ခိုက်သဖြင့် ဒဏ်ရာရသူများကို ဒေသတွင်းဆေးရုံသို့ တင်ပို့လိုက်ရသော်လည်း မည်သူ့လက်ချက်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ခြင်း မရှိချေ။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ကမ္ဘာ့နိုင်ငံများကို ခြိမ်းခြောက်နေသော ဟာရီကိန်း၊ ဆိုင်ကလုန်းနှင့် တိုင်ဖုန်းမုန်တိုင်းများ

➤ သတင်းမှတ်စု- မြင့်မောင်စိုး ➤

မီယာမီ စက်တင်ဘာ ၁၅

သိပ္ပံပညာရှင်တို့က အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ဖြစ်ပေါ်သော မုန်တိုင်းများကို ဟာရီကိန်းဟုအမည်ပေးပြီး အိန္ဒိယသမုဒ္ဒရာ၌ ဖြစ်ပေါ်သည့် မုန်တိုင်းများကို ဆိုင်ကလုန်းမုန်တိုင်းဟု ခေါ်ဆိုကြသည်။ ပစိဖိတ်သမုဒ္ဒရာအတွင်း ဖြစ်ပေါ်သည့်မုန်တိုင်းများကိုတော့ တိုင်ဖုန်းမုန်တိုင်းများဟု ခေါ်ဆိုကြသည်။

အတ္တလန္တိတ်သမုဒ္ဒရာအတွင်း အီဂေါဟာရီကိန်းမုန်တိုင်းသည် ၂၀၁၀ ခုနှစ်အတွင်း အတ္တလန္တိတ်သမုဒ္ဒရာ၌ ဖြစ်ပေါ်ခဲ့သည့် စတုတ္ထမြောက် ဟာရီကိန်းမုန်တိုင်း ဖြစ်သည်။ ယင်းမုန်တိုင်းသည် စက်တင်ဘာ ၁၄ရက်က အားပျော့သွားသော်လည်း မုန်တိုင်းအဆင့်-၄ရှိပြီး ခြိမ်းခြောက်နေဆဲဖြစ်သည်။

ရွေ့လျား

စက်တင်ဘာ ၁၄ ရက်တွင် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ဂျူလီယာ အမည်ရှိ မုန်တိုင်းလည်းဖြစ်ပေါ်ခဲ့သည်။ ယင်းမုန်တိုင်းသည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ဖြစ်ပေါ်ခဲ့သည့် ပဉ္စမမြောက် ဟာရီကိန်းမုန်တိုင်းဖြစ်သည်။ ယခုအခါ အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ဟာရီကိန်းမုန်တိုင်းသုံးခု ဖြစ်ပေါ်နေသည်။ ယင်းတို့မှာ အီဂေါ၊ ဂျူလီယာနှင့် ကားလ်ဟာရီကိန်းမုန်တိုင်းများ ဖြစ်သည်။ ကားလ်ဟာရီကိန်းမုန်တိုင်း



အမြွှာမုန်တိုင်းဟု ခေါ်ဆိုနိုင်သည့် အီဂေါဟာရီကိန်း (ဝဲ) နှင့် ဂျူလီယာ ဟာရီကိန်းမုန်တိုင်းဖြစ်ပေါ်နေမှုကို စက်တင်ဘာ ၁၄ရက်က အတ္တလန္တိတ် သမုဒ္ဒရာအတွင်း တွေ့ရစဉ်။

သည် စက်တင်ဘာ ၁၅ရက် မွန်းလွဲပိုင်းက မက္ကဆီကိုနိုင်ငံ ယူကာတန်ကျွန်းဆွယ်သို့ ဝင်ရောက်ခဲ့သည်။ ၎င်းမုန်တိုင်းသည် တစ်နာရီ ၆၅မိုင်နှုန်းဖြင့် တိုက်ခတ်လျက်ရှိသည်။

တိုက်ခတ်

ဂျူလီယာမုန်တိုင်းမှာ စက်တင်ဘာ ၁၄ ရက်က ကိတ်ဗာဒီကျွန်းစုအနောက်မြောက်ဘက် မိုင် ၃၃၀အကွာ၌ရှိနေပြီး တစ်နာရီ ၁၃၅ မိုင်နှုန်းဖြင့် တိုက်ခတ်လျက်ရှိသည်။ အီဂေါဟာရီကိန်းမုန်တိုင်းမှာ စက်တင်ဘာ ၁၄ ရက်က မြောက်လီဝက်စ်ကျွန်းစု အရှေ့ဘက် မိုင် ၇၅၀အကွာ၌ တည်ရှိနေပြီး တစ်နာရီ ၁၅၅ မိုင်နှုန်းဖြင့် တိုက်ခတ်လျက်ရှိသည်။

ယခုလဆန်းပိုင်းတွင် အတ္တလန္တိတ်သမုဒ္ဒရာ၌ တတိယမြောက် ဟာရီကိန်းမုန်တိုင်း ဖြစ်သည့် ကားလ်ဟာရီကိန်းမုန်တိုင်းဝင်ရောက်ခဲ့သည်။ ၎င်း ဟာရီကိန်းမုန်တိုင်း အမေရိကန်နှင့် ကနေဒါနိုင်ငံ အရှေ့ပိုင်းကမ်းခြေများသို့ ဝင်ရောက်ခဲ့သဖြင့် သစ်ပင်ကြီးများ လဲကျခဲ့သည်။ ထို့အပြင် လျှပ်စစ်ဓာတ်အားပေးတိုင်များလည်း ပြိုလဲကျခဲ့သည်။ အချို့ဒေသများ၌ ရေကြီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံအရှေ့ပိုင်း ဟန်ကျိုးမြို့၌ မီရန်တီတိုင်ဖုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ရေကြီးမှုဖြစ်ပေါ်ခဲ့သည်ကို စက်တင်ဘာ ၁၁ရက်က တွေ့ရစဉ်။

ဝင်ရောက်

ပစိဖိတ်သမုဒ္ဒရာအတွင်းဖြစ်ပေါ်ခဲ့သည့် မီရန်တီတိုင်ဖုန်းမုန်တိုင်းသည် စက်တင်ဘာ ၁၀ရက်က တရုတ်နိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့သည်။ ယင်းမုန်တိုင်းမတိုင်မီ ကွမ်ပါဆု တိုင်ဖုန်းမုန်တိုင်း ဝင်ရောက်ခဲ့၍ မြောက်ကိုရီးယားနိုင်ငံတွင် နေအိမ်အများအပြား ပျက်စီးခဲ့ရသည်။ မီရန်တီ တိုင်ဖုန်းမုန်တိုင်းသည် ယခုနှစ်ရာသီတွင် ဖြစ်ပေါ်ခဲ့သည့် ၁၀ခုမြောက် မုန်တိုင်းဖြစ်သည်။ ယင်းမုန်တိုင်းသည် တရုတ်နိုင်ငံအရှေ့ပိုင်း ကျိုကျန်းပြည်နယ်နှင့် ဖူကျန်းပြည်နယ်များသို့ ဝင်ရောက်ခဲ့သည်။

ယခုနှစ်တွင် မုန်တိုင်းကြောင့် ပါကစ္စတန်နိုင်ငံ၌ နှစ်ပေါင်း၈၀ အတွင်း အဆိုးရွားဆုံး ရေကြီးမှုဖြစ်ပေါ်ကာ လူပေါင်း ၁၆၀၀ကျော် သေဆုံးခဲ့ရကြောင်း သိရသည်။

ထို့အတူ တရုတ်နိုင်ငံတွင်လည်း မုန်တိုင်းများကြောင့် ရေကြီး၊ မြေပြိုမှုများ ဖြစ်ပွားကာ သေဆုံးမှုများဖြစ်ပေါ်ခဲ့သည်။ အလားတူ မြောက်ကိုရီးယား၊ ဂွါတီမာလာ အစရှိသော နိုင်ငံတို့တွင်လည်း မုန်တိုင်းများကြောင့် ရေကြီးမှုများဖြစ်ပေါ်ကာ ဒေသနေပြည်သူအများ ရေဘေးဒုက္ခများ ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

ကိုးကား-အင်တာနက်

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ မိုင်းရယ်မြို့နယ်၌ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၅

ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် တွဲဖက်ပြည်နယ်ဥပဒေအရာရှိ ဦးကျော်ထင်နှင့် မိုင်းရယ်မြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၇ရက် နံနက် ၁၀နာရီခွဲက မိုင်းရယ်မြို့ မြို့နယ်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကျော်ထင်က အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုင်းသိန်းအောင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် မြို့နယ်ဥပဒေအရာရှိ ဦးနန္ဒအောင်တို့က မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ မဲဆန္ဒရှင်၊ မဲရုံ၊ မဲပုံးနှင့် လုပ်ငန်းဆိုင်ရာဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကျော်ထင်က မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ မိုင်းရယ်မြို့နယ်ရှိ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် ၅၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဩဂုတ် ၂၀ရက်က ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မော်တော်ယာဉ်များ ကြံ့ခိုင်မှုအခြေအနေကို မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ဝင်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တိုင်းမှူးတံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် စက်တင်ဘာ ၁၀ရက်က တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ကျင်းပသည့် တိုင်းမှူး တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်က လှူဒါန်းသော လှူဒါန်းငွေနှင့် အားကစားပစ္စည်းများကို လက်ခံပြီး ဆုရအားကစားသမားများအား ဆုများပေးအပ်ချီးမြှင့်သည်။

မှာကြား

ယင်းနောက် မုံရွာမြို့ နယ်မြေခံတပ်ရင်း၌ ဝါစိုက်ခင်း၊ ပဲစင်းငုံစိုက်ခင်းနှင့် ဆီးခြံတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သံဖြူဇရပ်မြို့ အထက်တန်းကျောင်း မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

သံဖြူဇရပ် စက်တင်ဘာ ၁၅

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ယခု အထက-၁) တွင် ၁၉၆၂ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့ကြသည့် အသက်၆၀နှင့်အထက် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား တပည့်ဟောင်းများက ဒီဇင်ဘာ ၂၇ရက်တွင် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။

ပါဝင်လှူဒါန်းနိုင်

ဒေသအသီးသီးတွင် ရောက်ရှိနေကြသည့် ဆရာကြီး ဆရာမကြီးများသည် ဦးညွန့်ကြည် ဖုန်း-၀၅၇-၇၉၄၆၄၊ ဦးဉာဏ်ဟိန်း ဖုန်း-၀၅၇-၇၉၄၂၈၊ ဦးအောင်ထူး ဖုန်း-၀၅၇-၇၉၆၇၈၊ ဒေါ်ညို ညိုသန်း ဖုန်း-၀၅၇-၇၉၀၁၃၊ ဒေါ်နှင်းညွန့် (ပဲခူး) ဖုန်း-၀၉-၈၇၁၈၃၉၉၊ ကိုမျိုးလွင်ဦး (သံဖြူဇရပ်အသင်း-ရန်ကုန်) ဖုန်း-၀၁-၇၂၁၈၁၈၊ ကိုမောင်ဝင်း (ရန်ကုန်) ဖုန်း-၀၉၈၀၁၃၄၇၁ နှင့် ကိုဌေးနိုင် (ရန်ကုန်) ဖုန်း-၀၉၅၁၀၀၉၄၆ တို့ထံသို့ ဆက်သွယ်ကြပါရန်နှင့် အလှူငွေများ ထည့်ဝင်လိုသူများ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ပညာရေး)**

ဒေါ်မြင့်မြင့်သိန်းအားရည်စူး၍ အမှတ် ၄၁၁/ခ မွှာရုံလမ်း ၁၆/၃ ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်စန်းစန်းမြင့် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဒုတိယအုပ်ချုပ်ရေးမှူး ဦးပြည့်အေး လက်ခံယူစဉ်။ (သံဃာ့ဆေးရုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၆-၉-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၂၀	၃။	လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ **သေရည်သေရက်မေတ္တာစာ**
၇:၃၀	၄။	ဓမ္မပူဇာတေး
၇:၃၅	၅။	မျိုးချစ်တပ်မတော်
၇:၄၀	၆။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၄၅	၇။	မြန်မာသံစဉ် ချိုနားဝင်
၇:၅၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၃၀	၃။	မျိုးချစ်တပ်မတော်
၄:၄၀	၄။	အမျိုးသားရေးတေးကဗျာ
၄:၄၅	၅။	မွေးမြူသုတ
၄:၅၅	၆။	မြန်မာသံစဉ်ချိုနားဝင်
၅:၀၀	၇။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၅:၃၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅	၁၀။	အမျိုးသားရေးတေးကဗျာ
၆:၂၀	၁၁။	လျှပ်တစ်ပြက်
၆:၃၀	၁၂။	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆:၄၅	၁၃။	ကာတွန်းအစီအစဉ် **ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ** (အပိုင်း-၄)
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ် လှည်းကလေး** (အပိုင်း-၄၉)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	အနုပညာရှင်၏တစ်နေ့တာ
	၂၀။	**အလင်းရောင်** (အပိုင်း-၁)
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အပြုံးပန်းလေးရဲ့ဖန်ဆင်းရှင်** (အပိုင်း-၇)
	၂၃။	ဂီတရင်ခုန်သံ

အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့်(စီ)ပိုး ကာကွယ်ရေးနှိုးဆော်ချက်

အသည်းရောင် အသားဝါရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင် အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုးများလည်း ပါဝင်သည်။ (ဘီ) နှင့် (စီ)ဗိုင်းရပ်(စ်)ပိုး များသည် တစ်ဦးနှင့်တစ်ဦး သွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင် အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာ ဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့်(စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံ စသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။

(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။

(ဂ) အပ်စိုက်၊ ဆေးထိုးဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။

(ဃ) သွေးမှတစ်ဆင့်ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သော သွေးရရှိရန် ဆောင်ရွက်ပါ။

(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာ ကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

သုတ၊ ရသ စာအုပ်လှူဒါန်းပွဲ ရွှေပြည်သာ၌ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၅

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်ရုံး ရုပ်မြင်သံကြားခန်းမ၌ စက်တင်ဘာ ၁၂ရက် နံနက်က သုတ၊ ရသစာအုပ်များ လှူဒါန်းပွဲကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်အုံးညွန့်နှင့် ဝန်ထမ်းများ၊ အလှူရှင်နှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် အလှူရှင် ကဗျာစာပေဆု လေးဆုရ ကဗျာဆရာ၊ စာရေးဆရာ ပုဏ္ဏဝတီတင့်နှောင်းက စာအုပ်လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ငွေကျပ် ၇၈၁၈၀ တန်ဖိုးရှိ သုတ၊ ရသစာအုပ် ၂၁၀ ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဒေါ်အုံးညွန့်က လက်ခံယူသည်။ **(ယာပုံ)** **(မြို့နယ် ပြန်/ဆက်)**

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၅

၁၅ရက် တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ (၂)၊ အမှတ်(၁၀)ကို စက်တင်ဘာ ၁၅ရက် (ဗုဒ္ဓဟူးနေ့)တွင် စတင်ဖြန့်ချိလိုက်သည်။

ယင်း TV Guide စာစောင်တွင် Channel V ရုပ်သံလိုင်း၌ ပြသမည့် စင်ကာပူတွင်ကျင်းပသည့် [v] Special: Singfest 2010 တေးဂီတပွဲတော်အကြောင်းနှင့် အွန်လိုင်းမှတစ်ဆင့် ပရိသတ်အားပေးမှုနှင့်အတူ ကမ္ဘာကျော်ခဲ့သည့် ကနေဒါနိုင်ငံသား Justin Bieber ၏ Somebody To Love သီချင်းအကြောင်း၊ MTV ရုပ်သံလိုင်းတွင် ပြသမည့် Taylor Swift ၏ နောက်ဆုံးထွက်ရှိခဲ့သည့် Mine ဂီတဗီဒီယိုအကြောင်းနှင့် Adam Lambert ၏ VH1 Unplugged အစီအစဉ်၊ Star Movies ရုပ်သံလိုင်းတွင် စစ်နောက်ခံ မေတ္တာဘွဲ့ဇာတ်ကား တစ်ကားဖြစ်သည့် Pear1 Harbor၊ သုံးဖက်မြင်ကွန်ပျူတာပုံရိပ်ဖော်စနစ်ဖြင့် ရိုက်ကူးထားသည့် Ice Age ၊ ဂျာမန်ရုပ်ရှင်ကား The Baader Mienhof Complex ၊ Franklyn ၊ Wedding Daze စသည့် ရုပ်ရှင်ကားများ၊ Star World ရုပ်သံလိုင်းတွင် ပြသမည့် The Bechelorette ရာသီသစ်၊ Animal Planet ရုပ်သံလိုင်းတွင် ပြသမည့် Animal Game၊ T L C ရုပ်သံလိုင်းတွင် ကြည့်ရှုရမည့် Nanny School ၊ NGC တွင် မြန်မာစာတန်းထိုးဖြင့် ကြည့်ရှုရမည့် Taipei 101 အဆောက်အအုံအကြောင်း၊ အင်ဒီးစ်တောင်တန်းလိုဏ်ဂူများအောက် ပိတ်မိနေသည့် ပြင်သစ်ခရီးသွား ခုနစ်ယောက်အကြောင်း၊ Discovery ရုပ်သံလိုင်း၏ ကိုရီးယားစတား လင်ဖျောင်ဟွန်းအကြောင်း တင်ဆက်ပေးမည့် အစီအစဉ်၊ ESPN နှင့် Star Sports ရုပ်သံများတွင် ကြည့်ရှုရမည့် မန်ယူ-လီဗာပူးပွဲနှင့် ပရီမီယာလိဂ်ပွဲစဉ်များ၊ Multi Max ၊ 5 Movie၊ 5 Cartoon ရုပ်သံလိုင်းများတွင် ပြသမည့် အစီအစဉ်များအကြောင်း၊ မန္တလေး FM တွင် ထူးထူးခြားခြားနားဆင်ရမည့် စာရေးဆရာမ ဂျူး၏ နှလုံးသားထဲက တေးသီချင်းများ၊ MRTV-4 ၏ ကလေးများအတွက် Kids Show ၊ မန္တလေးကဟာသ လူရွှင်တော် ချစ်စရာကို ကြည့်ရှုရမည့် သူတို့ဘဝ သူတို့ဟာသ၊ Aroma Zulu ဖက်ရှင်အလှဓာတ်ပုံများ၊ ရုပ်သံလိုင်းအားလုံး၏ ၁၅ရက်စာ အစီအစဉ်များ ပါဝင်သည်။

၁၅ရက်စာ အစီအစဉ်များပါဝင်သော TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၁-၇၃၀၆၀၃၁၅မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express ဖုန်း-၀၉-၅၀၈၀၈၅၀၊ ၃၉၁၁၈၆တို့သို့ မှာယူနိုင်သည်ဟု သိရသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း မက္ကဆီကိုနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၁၆

၂၀၁၀ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်သော မက္ကဆီကိုပြည်ထောင်စုနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ မက္ကဆီကိုပြည်ထောင်စုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ပက်ထရစ်ရှာ အက်စ်ပီနိုစာကန်တယ်လ်လာနို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် စက်တင်ဘာ ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ သီယရီမာသူအား ခန့်အပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

တာဝန်ထမ်းဆောင်

မစ္စတာ သီယရီမာသူသည် ၁၉၆၃ခုနှစ် မတ်လ ၈ရက်တွင် မွေးဖွားခဲ့သည်။ ၄င်းသည် အဆင့်မြင့် ကူးသန်းရောင်းဝယ်မှု လေ့လာရေးကျောင်းနှင့် နိုင်ငံရေးရာ လေ့လာရေးဌာနတို့မှ ဒီပလိုမာဘွဲ့များနှင့် နိုင်ငံရေးသိပ္ပံနှင့် အာရှရေးရာ ပါရဂူဘွဲ့တို့ကို ရရှိခဲ့သည်။ ၄င်းသည်၁၉၈၉ခုနှစ်တွင် စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီးနောက် ၁၉၈၉ခုနှစ်မှ ၁၉၉၃ခုနှစ်အထိ ဝါရှင်တန်မြို့တွင် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ သံမှူးအဖြစ်လည်းကောင်း၊ ၁၉၉၃ခုနှစ်မှ ၁၉၉၆ခုနှစ်အထိ ပေကျင်းမြို့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး သံမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၁၉၉၆ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ခဲ့ပြီး ၁၉၉၆မှ ၁၉၉၉ခုနှစ်အထိ ဥရောပ ပူးပေါင်းဆောင်ရွက်ရေးဌာနတွင်လည်းကောင်း၊ ၁၉၉၉မှ ၂၀၀၄ခုနှစ်အထိ ပေကျင်းမြို့ ပြင်သစ်သံရုံးတွင်လည်းကောင်း၊ ၂၀၀၄မှ ၂၀၀၆ခုနှစ်အထိ နိုင်ငံတကာစီးပွားရေးနှင့် ဘဏ္ဍာရေးဌာနတွင်လည်းကောင်း ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၄င်းသည် ၂၀၀၆ခုနှစ်မှ ယနေ့အထိ ရှန်ဟိုင်းမြို့တွင် ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ သီယရီမာသူသည် အင်္ဂလိပ်၊ တရုတ်နှင့် ဟင်ဒီဘာသာစကားများကို တတ်ကျွမ်းသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ဌေး မြန်မာနိုင်ငံဆန်စပါး လုပ်ငန်းအသင်းရန်ကုန်တိုင်းဒေသကြီး အသင်းခွဲ ဖွဲ့စည်းရေး အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ရွှေဖုံးမှ

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ဌေးက ဆန်စပါးလုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၂ခုနှစ် တော်သလင်းလဆန်း ၈ရက် (ဥပုသ်နေ့)
၁၆-၉-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အဂ္ဂိဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး- ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ ထူးမြတ်ပါသည့် ကမ္ဘာ့ဝိပဿနာစေတီ
- ၈:၂၀ ၆။ သံသာချိုအေး မင်္ဂလာတေး
- ၈:၂၅ ၇။ အကပဒေသာ
- ၈:၃၀ ၈။ International News
- ၈:၄၀ ၉။ Islands of Dhamma
- ၈:၅၀ ၁၀။ ဘဒ္ဒန္တတေဇောသာရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ဒုတိယဥက္ကဋ္ဌဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိကာယနယူပဒေသကျောင်း၊ မစိုးရိမ်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄:၂၀ ၃။ အမှတ်(၃)အခြေခံပညာဦးစီးဌာန တတိယအကြိမ်မြောက် မွေ့စကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) အထက(၂) လှိုင်သာယာ (အမျိုးသားဝတ်ရွတ်အဖွဲ့)
- ၄:၄၀ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သမိုင်း၊ မြန်မာမှုပညာအထူးပြု) (ပထဝီဝင်)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
- ၅:၀၅ ၇။ **မျက်ရည်စက်များကင်းစေချင်**
- ၅:၃၅ ၈။ တေးဂီတအစီအစဉ်
- ၅:၄၅ ၉။ မြန်မာနိုင်ငံစာတတ်မြောက်ရေးကြိုးပမ်းဆောင်ရွက်မှုများ
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ **ပျော်ရွှင်စေသောနေ့ရက်များ အချစ်ကော်ဖီ** (အပိုင်း-၂၃) ငြိမ်းချမ်း၊ ညီထက်၊ ယုဇနဗိုလ်မြင့်၊ (ဒါရိုက်တာ-အောင်ကျော်သူရ)
- ၆:၄၀ ၁၃။ တူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (ဒုတိယတွဲ) (အပိုင်း-၃၄)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **ရွှေမြရုံခြယ်** စိုးစန္ဒာထွန်းနှင့်အဖွဲ့၊ တေးရေး- မောင်မောင်အေး (အလင်္ကာဝတ်ရည်)
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ပထမတွဲ) (အပိုင်း-၂၁)
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၇၈)
- ၂၁။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

စက်တင်ဘာ ၁၁ရက်က လှိုင်မြို့နယ် အလက(၆)၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ဆဋ္ဌမတန်းပထမဆုနှင့် ခုနစ်နှစ်ဆက်တိုက် ဆုရရှိသော မဆုမြတ်နိုးအား ဆရာမကြီး ဒေါ်ခင်စိန်ဝင်းက ဆုချီးမြှင့်စဉ်။ (ပညာရေး)

မိုးတိမ်တောင်များနှင့်အတူ

တင်ဌေး (မိုး/ဇလ)

မုတ်သုံရာသီလေသည် အားအသင့်အတင့်မှ အားကောင်းတိုက်ခတ်လျက်ရှိနေပါသည်။ ရက်ကာလအားဖြင့် ၆၂ရက်ရှိသော မိုးလယ်ကာလတွင် ကမ်းရိုးတန်းဒေသ၌ မိုးရေချိန်လက်မ ၅၀မှ ၉၀၊ မြန်မာနိုင်ငံမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် လက်မ ၃၀မှ ၄၀နှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် လက်မ ၂၀အောက်တို့ ရွာသွန်းလေ့ရှိပါသည်။ မုတ်သုံလေ အားအမြင့်ဆုံးရောက်ရှိပြီး မိုးကြီးတတ်သောကာလ ဖြစ်နိုင်သကဲ့သို့ မုတ်သုံအားပြတ်သောကာလလည်း ရှိတတ်ပါသည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားလျော့သောကာလများ၌ မြစ်ဝကျွန်းပေါ်နှင့် ကမ်းရိုးတန်းဒေသများတွင် မိုးလျော့နည်းတတ်ပြီး မိုးတိမ်တောင်ကြီးများဖြစ်ပေါ်လျက် မွန်းလွဲ၊ ညနေပိုင်းတွင် ပျံ့ကျဲမိုးများရွာသွန်းမှုနှင့်အတူ တစ်ခါတစ်ရံ လေပြင်းများပါ တိုက်ခတ်လာတတ်ပါသည်။

မိုးထစ်ချုန်းရွာပါက လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်း၊ မိုးသီးကြွေခြင်း၊ လေပြင်းတိုက်ခတ်ခြင်းစသည့် မိုးလေဝသအခြေအနေများဖြစ်ပေါ်စေသော မိုးတိမ်တောင်များ၏ စရိုက်လက္ခဏာကို သိရှိထားသင့်ပါသည်။ တိမ်များဖြစ်ပေါ်လာချိန်တွင် အရောင်အသွေး၊ အထူအပါးပုံစံများကိုလေ့လာလျက် မိုးလေဝသခန့်မှန်းသူများသည် မည်သည့်လေထုအမျိုးအစားဖြစ်သည်၊ မိုးလေကောင်းမည့်တိမ် ဟုတ် မဟုတ် စိစစ်ခွဲခြားရပါသည်။ တစ်နည်းဆိုသော် တိမ်များသည် မိုးလေဝသ၏ရှေ့တော်ပြေး သံတော်ဆင့်များဟုဆိုနိုင်ပါသည်။

မိုးတိမ်တောင်တစ်ခုမှာ စတင်ဖြစ်ပေါ်ချိန်မှစ၍ အားပျော့သွားသည်အထိ အဆင့်သုံးဆင့်ခန့်ရှိပြီး အားကောင်းပြီဆိုရင်တော့ အရွယ်အားဖြင့် အမြင့်ပေသုံးသောင်းခန့်အထိရှိတတ်ကာ တိမ်အတွင်းရွေ့လျားမှု ခြောက်မျိုးရှိပါသည်။ တိမ်တိုက်အတွင်း အောက်မှအထက်သို့တက်သောလေစီးကြောင်းများ၊ အထက်မှအောက်သို့ရွေ့လျားသော လေစီးကြောင်းများ၊ တိမ်တိုက်၏ရွေ့လျားမှု၊ တိမ်ထိပ်ဖျား၏ရွေ့လျားမှု၊ လေပြင်း၏အမြန်နှုန်းနှင့် ရွေ့လျားမှုတို့ ပါဝင်ပါသည်။ မိုးတိမ်တောင်တစ်ခုမှ လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းသံကြားခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေကျခြင်း၊ မိုးသည်းထန်စွာရွာတတ်ခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်တတ်ပါသည်။ မိုးတိမ်တောင်တစ်ခု အားကောင်းပြီဆိုလျှင် သိသာနိုင်သောအချက်မှာ တိမ်တိုက်အတွင်း ရေစက်၊ ရေပေါက်များ လေပြင်းများကြောင့် အချင်းချင်းပွတ်တိုက်မိကြရာမှ လျှပ်စစ်ဓာတ်များအဖြစ်စီးကူးကြလျက် ပြင်းထန်သောအပူချိန်ကွာခြားမှုမှတစ်ဆင့် သိပ်သည်းဆ ကွာခြားမှုအပြောင်းအလဲများကာ အသံလှိုင်းများအဖြစ် မိုးခြိမ်းသံကိုကြားရခြင်းဖြစ်ပါသည်။ နိုင်ငံတကာမိုးလေဝသဌာနများက ဒေသတစ်ခုမှာမိုးရွာသည်ဖြစ်စေ၊ မိုးမရွာသည်ဖြစ်စေ မိုးခြိမ်းသံကြားရသောနေ့တစ်နေ့ကို မိုးကြိုးမုန်တိုင်းကျသောနေ့ဟု မှတ်သားကြပါသည်။

မြန်မာနိုင်ငံတွင် မိုးကြိုးမုန်တိုင်းကျသောနေ့ သို့မဟုတ် မိုးခြိမ်းသောနေ့ သို့မဟုတ် မိုးထစ်ချုန်းရွာသောနေ့အနေဖြင့် တစ်နှစ်ပတ်လုံး အများဆုံးဒေသမှာ တောင်ပိုင်းကမ်းရိုးတန်းဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသများနှင့် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများဖြစ်ကြပြီး တစ်နှစ်ပတ်လုံးတွင် ပျမ်းမျှ ရက်ပေါင်း ၇၀မှ ၈၀ခန့်အထိရှိပါသည်။ လအလိုက် အများဆုံးဖြစ်ပေါ်သော မိုးထစ်ချုန်းရက်များမှာ မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသများတွင် မေလနှင့် စက်တင်ဘာလတွင်ဖြစ်ပြီး မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ဇွန်လနှင့် စက်တင်ဘာလများဖြစ်သည်ကို တွေ့ရပါသည်။ မိုးထစ်ချုန်းမှု အများဆုံးကာလသည် မုတ်သုံဝင်ရောက်မှုနှင့် ဆုတ်ခွာချိန်ကာလများနှင့်တစ်ထပ်တည်း ကျနေသည်ကို တွေ့နိုင်ပါသည်။ သုတေသနပြု လေ့လာချက်များအရ ရန်ကုန်မြို့တွင် ၁၉၇၁မှ ၂၀၀၀ပြည့်နှစ်အထိ နှစ်၃၀ကာလအတွင်း မိုးထစ်ချုန်းသည့်နေ့ပေါင်း ၁၅၅၈ရက်ရှိခဲ့ပြီး တစ်နှစ်ပတ်လုံးမိုးထစ်ချုန်းမှု အများဆုံးနှစ်ကို ၁၉၉၉ခုနှစ်တွင် ၇၉ရက်နှင့် မိုးထစ်ချုန်းမှုအနည်းဆုံးနှစ်အဖြစ် ၁၉၈၂ခုနှစ်တွင် ၂၆ရက် မှတ်တမ်းရှိခဲ့ပါသည်။ မှတ်တမ်းများအရ မိုးလယ်ကာလဖြစ်သည့် ဇူလိုင်၊ ဩဂုတ် မုတ်သုံလေအားကောင်းတတ်သောလများတွင် ထစ်ချုန်းမှုအခြေအနေနည်းပါးပြီး မိုးရွာသွန်းတတ်သော်လည်း လွန်ခဲ့သော နှစ်အနည်းငယ်မှစ၍ မိုးလယ်ကာလများသည်လည်း မိုးထစ်ချုန်းသံများ မကြာခဏကြားနေခဲ့ရပါသည်။

ယခုရက်ပိုင်းအတွင်း မုတ်သုံမိုးသည် တစ်နိုင်ငံလုံးပျံ့ပျံ့နှံ့နှံ့နှင့် ထစ်ချုန်းသံစီစီညံလျက် ရွာသွန်းနေတာ တွေ့နေရပါသည်။ အလယ်ပိုင်းဒေသ တချို့တွင် ဇူလိုင်တစ်လလုံးသည် မုတ်သုံမိုးနှစ်ရက်၊ သုံးရက်ခန့်သာရွာခဲ့သော်လည်း ကမ်းရိုးတန်းတချို့ဒေသတွင် လေး၊ ငါးရက်ဆက်တိုက်မိုးကြီးခဲ့တာတွေ၊ လေပြင်းတိုက်ခတ်ခဲ့တာတွေရှိခဲ့ပါသည်။ ဒီလို လေပြင်းတိုက်ခတ်သောအခါ တစ်ခါတစ်ရံ ရခိုင်ကမ်းရိုးတန်းဒေသ၊ မြစ်ဝကျွန်းပေါ်ဒေသနှင့် မွန်၊ တနင်္သာရီကမ်းရိုးတန်းများတွင် လေဆင်နှာမောင်းဆိုပြီး အလွယ်တကူခေါ်ဆို သုံးနှုန်းနေကြပြန်ပါသည်။ ထို့ကြောင့် လေဆင်နှာမောင်းနှင့် စိုက်ဆင်းလေပြင်းတို့၏ ထင်ရှားသော မတူညီမှုများကို ခွဲခြားသိရှိနိုင်ရန် ဖော်ပြလိုပါသည်။

လေဆင်နှာမောင်းနှင့် စိုက်ဆင်းလေပြင်း

လေဆင်နှာမောင်းသည် အားကောင်းသော မိုးတိမ်တောင်အောက်ခြေအတွင်းမှ ကတော့ပုံတိမ်မှ ဆင်နှာမောင်းပုံစံ၊ ပြင်းထန်သော လေတိုက်နှုန်းဖြင့်တိုက်ခတ်သည့် လေဝဲအကြီးစားဖြစ်ပါသည်။ တစ်နာရီ မိုင် ၁၀၀ကျော် တိုက်လေ့ရှိပါသည်။ မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေကျခြင်းနှင့် လေဆင်နှာမောင်းများသည် မိုးတိမ်တောင်ကြောင့် ဖြစ်ပေါ်သော မိုးလေဝသဖြစ်စဉ်များ ဖြစ်ပါသည်။

စိုက်ဆင်းလေပြင်းဆိုသည်မှာ အားကောင်းသောမိုးတိမ်တောင် ရွေ့လျားမှုမှ အဓိကဖြစ်ပေါ်ခြင်းဖြစ်ပြီး လေပြင်းတိုက်ခတ်ခြင်း၊ လေဖိအားရုတ်တရက်မြင့်တက်ခြင်းတို့ကို တွေ့ကြုံရပါသည်။ တစ်နာရီ မိုင် ၁၀၀ကျော် တိုက်လေ့ရှိပါသည်။

လေဆင်နှာမောင်းတိုက်ခတ်သောအခါ အရပ်မျက်နှာအဘက်ဘက်မှ တိုက်ခတ်ပြီး ကျရောက်သည့် ဒေသအနည်းငယ်အတွင်း လေတိုက်နှုန်းပြင်းထန်စွာ တိုက်ခတ်လေ့ရှိပါသည်။ လေထုဖိအား အလွန်ကျဆင်းပြီး ဖိအားကွာခြားမှုများသဖြင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများပါသည်။ လေများမှာ လက်ဝဲရစ်တိုက်ခတ်သည့်အပြင် အထက်သို့ရစ်ပတ်တိုက်ခတ်ခြင်းကြောင့် ဖုန်များ၊ အကျိုးအပဲ့အစအနများ၊ သစ်ကိုင်း၊ သစ်ခက်များ မျောပါနေပြီး တစ်ခါတစ်ရံ လေးလံသော အဆောက်အအုံ၊ အပိုင်းအစများနှင့် ကြီးမားသော အရာဝတ္ထုများပါ လွင့်ပါသွားတတ်ပါသည်။ လေဆင်နှာမောင်းရွေ့လျားမှု လမ်းကြောင်းမှာ စတင်ဖြစ်ပေါ်ပြီးနောက် လက်ဝဲဘက်သို့ကွေ့ခြင်း၊ လက်ယာဘက်ကို ကွေ့ခြင်း၊ အဖြောင့်ရွေ့လျားခြင်း၊ နောက်ပြန်ကွေ့ဝိုက်ရွေ့လျားခြင်းတို့ ဖြစ်တတ်ပါသည်။ အပျက်အစီးများမှာ အရပ်မျက်နှာပုံစံမမှန်ဘဲ အဘက်ဘက်သို့သာ လဲပြိုနေတတ်ပါသည်။

စိုက်ဆင်းလေပြင်း၏ ရွေ့လျားမှုလမ်းကြောင်းမှာ စတင်ဖြစ်ပေါ်စဉ် ကျဉ်းရာမှ အားလျော့သည့် နေရာအရောက်တွင် ပြန့်ကားသွားတတ်ပါသည်။ ဥပမာအားဖြင့် ယပ်တောင်ပုံစံဖြစ်ပါသည်။ စိုက်ဆင်းလေပြင်း ကျရောက်မှုဖြစ်စဉ်မှာ အချိန်တိုတောင်းပါသည်။ အပျက်အစီးများမှာ လယ်ထွန်ရာတွင် ထယ်သွားထိုးသကဲ့သို့ အရပ်မျက်နှာ တစ်ဖက်တည်းသို့သာ လဲပြိုနေတတ်ပါသည်။

သို့ဖြစ်ရာ အပျက်အစီးပုံစံများအပေါ် မူတည်ပြီး မိမိတို့ဒေသမှာဖြစ်ပေါ်တဲ့ လေပြင်းတိုက်ခတ်မှုသည် လေဆင်နှာမောင်း သို့မဟုတ် စိုက်ဆင်းလေပြင်း မည်သည့်အမျိုးအစား ဖြစ်သည်ကို မှန်ကန်စွာ ခွဲခြားသိရှိနိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံမှာ လေဆင်နှာမောင်းထက် စိုက်ဆင်းလေပြင်းကြောင့် ပျက်စီးဆုံးရှုံးမှုများကို ရေကြောင်းခရီးသွားလာမှုနှင့် လေကြောင်းပျံသန်းမှုတို့တွင် ပိုမိုကြုံတွေ့ရတတ်ပါသည်။ ပြည်သူများအနေဖြင့် လေဆင်နှာမောင်းနှင့် စိုက်ဆင်းလေပြင်းများ ဖြစ်ပေါ်တိုက်ခတ်စေသည့် မိုးတိမ်တောင်ကြီးများ မိမိတို့ဒေသကောင်းကင်ယံတွင် ဖြစ်ပေါ်သည့် အချိန်များ၌ အထူးဂရုပြုကြရမည် ဖြစ်ပါသည်။ လေဆင်နှာမောင်းနှင့် စိုက်ဆင်းလေပြင်းကြောင့် ထိခိုက်ပျက်စီးမှုလျော့နည်းစေရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားသင့်သလို၊ ရေကြောင်း လေကြောင်း ခရီးသွားလာသူများ၊ ရေယာဉ် လေယာဉ်မောင်းနှင်သူများအနေဖြင့်လည်း သတိပြုကြရန် လိုအပ်ပါသည်။ ဘေးအန္တရာယ် ကင်းရှင်းစေရန် သွားသတိ၊ လာသတိ အမြဲရှိကြဖို့ အသိပေးတင်ပြလိုက်ရပါသည်။ ။

*** ရှေ့ဖုံးမှ**

ထို့အပြင် ပြည်နယ်နှင့်တိုင်းဒေသကြီး အချင်းချင်းဆက်သွယ်သည့်လမ်းများ၊ မဟာဗျူဟာလမ်းမကြီးများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ လမ်းများ၊ တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့ နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်အရ တည်ဆောက်လုပ်ကိုင်လွှဲပြောင်း B.O.T စနစ်ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လျက်ရှိသော လမ်းများလည်း ရှိသည်။

ထိုလမ်းများပေါ်တွင် ဖြတ်သန်းသွားလာမောင်းနှင်နေကြသော ယာဉ်များမှာ ၂၀၀၉ခုနှစ်အထိ မှတ်ပုံတင်ထားသောစာရင်းအရ ၂၀၁၅၅၃၁စီးရှိပြီး ထိုယာဉ်စီးရေအနက် ယာဉ်ကြီးများဖြစ်သည့် ကုန်တင်ဝန်ပေါ့နှင့် ကုန်တင်ဝန်လေးယာဉ်စုစုပေါင်းမှာ ၇၉၂၄၆စီးရှိသည်။

မူတည်လျက်ရှိ

မြန်မာနိုင်ငံတွင် သယ်ယူပို့ဆောင်ရေးစရိတ်၏ အများဆုံးအစိတ်အပိုင်းမှာ ယာဉ်အသုံးပြုမှုစရိတ်ဖြစ်သည်။ ယာဉ်အသုံးပြုမှုစရိတ်ကို လျှော့ချနိုင်ပါက သယ်ယူပို့ဆောင်စရိတ်လျှော့နည်းပြီး ကုန်ဈေးနှုန်းနှင့် ခရီးသွားလာမှုစရိတ် လျော့ကျသွားမည်ဖြစ်သည်။ ယာဉ်အသုံးပြုမှုစရိတ်သည် လမ်းချောမွေ့ကောင်းမွန်ခြင်းနှင့် အချိန်တိုအတွင်း လိုရာခရီးသို့ ရောက်နိုင်မှုအပေါ် မူတည်လျက်ရှိသည်။

နိုင်ငံတိုင်း၌ လမ်းအင်ဂျင်နီယာများသည် လမ်းပျက်ယွင်းမှုနည်းစေရန် ဒီဇိုင်းစံချိန်စံညွှန်းအတိုင်း လမ်းများကို တည်ဆောက်စေလျက်ရှိပြီး လမ်းပေါ်သွားလာသည့်ယာဉ်များ၏ ဖိအားသက်ရောက်မှု လျော့နည်းစေရန်အတွက်ကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ဥပဒေစည်းကမ်းများထုတ်ကာ ထိန်းသိမ်းနေကြသည်။ ထို့အတူ ယာဉ်ထုတ်လုပ်သူများဘက်ကလည်း လမ်းပေါ်ကျရောက်မည့်ယာဉ်၏ဖိအားကို ပျံ့နှံ့လျော့နည်းသွားစေရန် ယာဉ်၏ဝင်ရိုး (Axle) နှစ်ခုမှ သုံးခု၊ သုံးခုမှ လေးခု၊ ငါးခု၊ ခြောက်ခု စသည်ဖြင့် ဒီဇိုင်းပြုလုပ်ပြီး ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိနေကြပြီဖြစ်သည်။

၁၉၆၂ခုနှစ်၌ ပြုလုပ်သော AASHTO Road Test က ယာဉ်၏ဝင်ရိုး (Axle) အလေးချိန်နှင့် လမ်းပျက်ယွင်းမှုပမာဏကို စမ်းသပ်တွေ့ရှိခဲ့သည်ဆို၏။ ယခင်ကာလများ၌ လမ်းဒီဇိုင်းပြုလုပ်ရာ၌ ယာဉ်၏သက်ရောက်မှုကို ပေါင် ၅၀၀၀ရှိသောဘီးရှိသည့် ယာဉ်စီးရေနှင့် လမ်းသက်တမ်းပေါ်မူတည်၍ စဉ်းစားခဲ့ကြသော်လည်း ယခုအချိန်၌ ယာဉ်အမျိုးအစားနှင့် ယာဉ်အရေအတွက် များပြားလာခြင်းကြောင့် လမ်းဒီဇိုင်းပုံစံထုတ်ရာ၌ စံဝင်ရိုးအလေးချိန် (Standard Axle Load) ပေါင် ၁၈၀၀၀ပေါ်မူတည်လျက် ဒီဇိုင်းထုတ်ကြသည်ဟု သိရသည်။ ထိုသို့ဒီဇိုင်းထုတ်ရာ၌ AASHTO Road Test (U.S) မှရသော ပျက်ယွင်းကိန်း Damaging Factor ကို အသုံးပြုလျက်ရှိသည်။

ပျက်ယွင်းစေနိုင်

ပျက်ယွင်းကိန်းဆိုသည်မှာ ယာဉ်တစ်စီးသည် လမ်းတစ်လမ်းကို စံဝင်ရိုးတစ်ခုမှ ပျက်ယွင်းစေနိုင်သည်ထက် အဆမည်မျှ ပျက်ယွင်းစေနိုင်သည်ကို ပြသည်။

$$\text{ပျက်ယွင်းကိန်း} = \left\{ \frac{\text{ယာဉ်၏ဝင်ရိုးတစ်ခုအလေးချိန်}}{\text{စံဝင်ရိုးအလေးချိန် (ပေါင် ၁၈၀၀၀)}} \right\}^{\text{၄မှ ၄.၅၅}}$$

နိုင်ငံတကာကျင့်စဉ်မှာ ယာဉ်ပမာဏကိုထိန်းချုပ်လေ့မရှိသော်လည်း ကုန်တင်ယာဉ်အမျိုးအစားနှင့် ဝင်ရိုးအရေအတွက်ပေါ်မူတည်ပြီး ယာဉ်တစ်မျိုးအတွက် စုစုပေါင်းရှိရမည့်အလေးချိန်ကို နိုင်ငံအလိုက် ကန့်သတ်ပေးလျက်ရှိရာ-

ထိုင်းနိုင်ငံတွင်	ဝင်ရိုး(၂)ချောင်းတပ်ကုန်တင်ယာဉ်မှာ	ယာဉ်နှင့်ကုန်ပေါင်း	၁၂ တန်
	ဝင်ရိုး(၃)ချောင်းတပ်ကုန်တင်ယာဉ်မှာ	ယာဉ်နှင့်ကုန်ပေါင်း	၂၁ တန်
	ဝင်ရိုး(၅)ချောင်းတပ်ကုန်တင်ယာဉ်မှာ	ယာဉ်နှင့်ကုန်ပေါင်း	၃၉ တန်
စင်ကာပူနိုင်ငံတွင်	ဝင်ရိုး(၂)ချောင်းတပ် ကုန်တင်ယဉ်မှာ	ယာဉ်နှင့်ကုန်ပေါင်း	၁၆ တန်
	ဝင်ရိုး(၃)ချောင်းတပ် ကုန်တင်ယာဉ်မှာ	ယာဉ်နှင့်ကုန်ပေါင်း	၂၄ တန်
	ဝင်ရိုး(၄)ချောင်းတပ် ကုန်တင်ယာဉ်မှာ	ယာဉ်နှင့်ကုန်ပေါင်း	- တန်
	နောက်ဆက်တွဲယာဉ်အများဆုံးမှာ	ယာဉ်နှင့်ကုန်ပေါင်း	၂၄ တန်
မလေးရှားနိုင်ငံတွင်	ဝင်ရိုး(၂)ချောင်းတပ် ကုန်တင်ယာဉ်မှာ	ယာဉ်နှင့်ကုန်ပေါင်း	၁၆ တန်
	ဝင်ရိုး(၃)ချောင်းတပ်ကုန်တင်ယာဉ်မှာ	ယာဉ်နှင့်ကုန်ပေါင်း	၂၁ တန်
	ဝင်ရိုး(၄)ချောင်းတပ်ကုန်တင်ယာဉ်မှာ	ယာဉ်နှင့်ကုန်ပေါင်း	၂၅ တန်
အာဆီယံ (ASEAN)	ဝင်ရိုး(၂)ချောင်းတပ် ကုန်တင်ယာဉ်မှာ	ယာဉ်နှင့်ကုန်ပေါင်း	၁၆ တန်
စံချိန်စံညွှန်း	ဝင်ရိုး(၃)ချောင်းတပ် ကုန်တင်ယာဉ်မှာ	ယာဉ်နှင့်ကုန်ပေါင်း	၂၁ တန်
	ဝင်ရိုး(၄)ချောင်းတပ် ကုန်တင်ယာဉ်မှာ	ယာဉ်နှင့်ကုန်ပေါင်း	- တန်
	နောက်ဆက်တွဲယာဉ်အများဆုံးမှာ	ယာဉ်နှင့်ကုန်ပေါင်း	၃၈ တန်

ဖြစ်သည်။

ဤကဲ့သို့ သတ်မှတ်ပေးခြင်းဖြင့် ဝင်ရိုးအသီးသီးမှတစ်ဆင့် လမ်းပေါ်သက်ရောက်အားများကို မျှတပြီး လမ်းပျက်ယွင်းမှု နည်းစေသည်ဟု သိရသည်။

ယနေ့ မြန်မာနိုင်ငံတွင် သွားလာနေသော ကုန်တင်ယာဉ်များမှာ-

ဝင်ရိုး(၂)ခုပါ	ကုန်တင်ယာဉ်တွင် အကြမ်းအားဖြင့်	၁၃ တန်မှ ၂၀ တန်
ဝင်ရိုး(၃)ခုပါ	ကုန်တင်ယာဉ်တွင် အကြမ်းအားဖြင့်	၂၀ တန်မှ ၄၀ တန်
ဝင်ရိုး(၄)ခုပါ	ကုန်တင်ယာဉ်တွင် အကြမ်းအားဖြင့်	၃၀ တန်မှ ၆၀ တန်
ဝင်ရိုး(၅)ခုပါ	ကုန်တင်ယာဉ်တွင် အကြမ်းအားဖြင့်	၄၀ တန်မှ ၇၀ တန်

တင်လျက် အသုံးပြုလျက်ရှိသည်ကို တွေ့ရသည်။

ဝင်ရိုးတစ်ခု၏ အများဆုံးအလေးချိန်သတ်မှတ်ချက် (Axle Load Limit)

ကုန်တင်ယာဉ်၏ စုစုပေါင်းအလေးချိန်နှင့် ဝင်ရိုးအရေအတွက်အရ ဝင်ရိုးအသီးသီး၏ ဘီးများမှတစ်ဆင့် လမ်းပေါ်သက်ရောက်သော အလေးချိန်အား Axle Load ဟုခေါ်သည်။ ယင်းဝင်ရိုးတစ်ခု၏ အများဆုံး အလေးချိန်သတ်မှတ်ချက် (Axle Load Limit)သည် နိုင်ငံတကာတွင် အောက်ပါအတိုင်း သတ်မှတ်ထားသည်-

နိုင်ငံအမည်	ဝင်ရိုးတစ်ခု၏အများဆုံး အလေးချိန်သတ်မှတ်ချက်
တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်	၁၀ တန်
စင်ကာပူနိုင်ငံတွင်	၁၀ တန်
ဂျပန်နိုင်ငံတွင်	၁၁ တန်
မလေးရှားနိုင်ငံတွင်	၁၀ တန်
အာဆီယံနိုင်ငံများတွင်	၁၀ တန် ဖြစ်သည်။

ယနေ့မြန်မာနိုင်ငံတွင် သွားလာနေသော ကုန်တင်ယာဉ်များသည် ဝန်ပိုတင်ပြီး လမ်းများပေါ်တွင် သွားလာနေကြသဖြင့် သက်ရောက်လျက်ရှိသော Axle Load များသည် နိုင်ငံတကာဝင်ရိုးတစ်ခုအများဆုံးအလေးချိန် သတ်မှတ်ချက်ထက် ပိုမိုများနေသည်။

စစ်ဆေးပညာပေး

သို့ဖြစ်၍ မြန်မာနိုင်ငံ၏ လမ်းနှင့်တံတားများ ထာဝရကောင်းမွန်စေရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက လမ်း၊ တံတားလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကို အဖွဲ့ ခုနစ်ဖွဲ့ ဖွဲ့စည်း၍ တန်ပိုယာဉ်၏ ဝင်ရိုးထမ်းအလေးချိန် စစ်ဆေးပညာပေးခြင်းအစီအစဉ်ကို ၂၀၁၀ခုနှစ် ဇူလိုင်လမှစတင်ပြီး AXLE LOAD WEIGHTING MACHINES ရှိသော ရန်ကုန်-တောင်ငူ-မန္တလေးလမ်း နေပြည်တော်(ဇေယျာမြိုင်)ဂိတ်၊ ရန်ကုန်-တောင်ငူ-မန္တလေးလမ်း ကျောက်ဆည်(စဉ့်ကိုင်)ဂိတ်၊ ရန်ကုန်-တောင်ငူ-မန္တလေးလမ်း ပဲခူးဂိတ်၊ ဘုရားကြီး-ကျိုက်ထို-မြိတ်လမ်း ဘုရားကြီးဂိတ်၊ ရန်ကုန်-ပြည်-မကွေးလမ်း-တိုက်ကြီးဂိတ်၊ ရန်ကုန်-ပုသိမ်လမ်း အောင်ဇေယျတံတားဂိတ်၊ ရန်ကုန်-ပုသိမ်လမ်း ဗိုလ်မြတ်ထွန်းတံတားဂိတ်တို့တွင် ဆောင်ရွက်လျက်ရှိရာ စာရေးသူသည် အဖွဲ့ခွဲ (၇) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဦးစီးအရာရှိ(ပညာသည်) ဦးအောင်အောင် ဦးဆောင်၍ တန်ပိုယာဉ်များ၏ ဝင်ရိုးထမ်းအလေးချိန်စစ်ဆေးနေသည့် ရန်ကုန်-ပဲခူး-မန္တလေးလမ်းမကြီး ပဲခူးမြို့နယ် - ပဲခူးဒီဂရီကောလိပ်အနီး B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် မက်(စ်)မြန်မာကုမ္ပဏီ၏ TOLL GATE သို့ သွားရောက်လေ့လာခဲ့သည်။

အဝေးပြေးလမ်းမကြီးပေါ်တွင် တန်ပိုတင်လာသော ယာဉ်တစ်စီးကို စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ပညာပေးဆွေးနွေးနေစဉ်။

အဆိုပါ TOLL GATE တွင် လမ်း၊ တံတား လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ ဦးအောင်အောင် ဦးစီးသောအဖွဲ့သည် တန်ပိုယာဉ်များ၏ ဝင်ရိုးထမ်းအလေးချိန်စစ်ဆေးခြင်းကို ကုန်တင်ယာဉ်(သွား+ပြန်) ၆၇၅စီးတို့အား စစ်ဆေးပြီး ပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်ဟု သိရသည်။ လမ်း၊ တံတား လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က အသိပညာပေး ဆွေးနွေးခဲ့သော အဓိကအချက်များကို မေးကြည့်ရာ ကတ္တရာလမ်းများ၏ သက်တမ်းသည် သာမန်အားဖြင့် ၁၀နှစ်ဖြစ်သော်လည်း တန်ပိုယာဉ်များကြောင့် အချိန်တိုအတွင်း လမ်းများ ပျက်စီးရကြောင်း၊ ပြုပြင်ထိန်းသိမ်းစရိတ်များစွာ ကုန်ကျလျက်ရှိကြောင်း၊ လမ်းမကောင်းလျှင် တိုက်ရိုက်ထိခိုက်သူမှာ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များဖြစ်ကြောင်း။

ရှင်းလင်းပြောကြား

စစ်ဆေးတွေ့ရှိချက်အရ ကုန်တင်ယာဉ်များ၏ ယာဉ်+ကုန် အလေးချိန်မှာ အာဆီယံ စံချိန်စံညွှန်းနှင့်ကိုက်ညီမှုမရှိဘဲ များစွာပိုမိုနေသည်ကို ပုံနှင့်တကွ ရှင်းလင်းပြောကြားကြောင်း။

ကုန်တင်ယာဉ်များအနေဖြင့် မိမိတို့အသုံးပြုနေသောလမ်းများ မပျက်စီးစေရန် ဝင်ရိုး/ဘီး အရေအတွက်အလိုက် သတ်မှတ်ထားသော ကုန်ချိန်ကိုသာ တင်ဆောင်မောင်းနှင်ရမည် ဖြစ်ကြောင်း။

သတ်မှတ်တန်ချိန်ဆိုသည်မှာ ၁၉၈၉ခုနှစ် မော်တော်ယာဉ်နည်းဥပဒေအရ ယာဉ်၏လက်ယာဘက်ရှေ့ပိုင်းတွင် ရေးသားထားသော ယာဉ်အလေးချိန်၊ ကုန်အလေးချိန် စုစုပေါင်းအလေးချိန်ကိုဆိုလိုကြောင်း၊ ယင်းဥပဒေအရ သတ်မှတ်တန်ချိန်ထက်ပို၍ တင်ဆောင်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ကုန်ချိန်အပိုကို ယာဉ်ပိုင်ရှင်အစီအစဉ်ဖြင့် ယာဉ်ပေါ်မှချရမည်ဖြစ်ပြီး ကုန်ကျစရိတ်ကို ယာဉ်ပိုင်ရှင်ကသာ ကျခံရမည်ဖြစ်ကြောင်း။

ကုန်တင်ယာဉ်များသည် မူလပုံစံမှပြုပြင်လျက် အင်ဂျင်၊ဖရိန်၊ တာယာ၊ ဘော်ဒီ၊ လေးတို့ကိုပြောင်းလဲခြင်း၊ ဆက်ခြင်း၊ ထပ်တိုးခြင်းများပြုလုပ်လျက် ကုန်တင်နိုင်စွမ်းကို မြှင့်တင်ထားသည့်အတွက် ယာဉ်
အလေးချိန်ထက် များစွာပိုမိုနေကြောင်း။

လမ်း၊ တံတား လုံခြုံရေးနှင့် စည်းကမ်း ထိန်းသိမ်းရေးအဖွဲ့က တန်ပိုတင်လာသော ကားများကို စစ်ဆေးနေစဉ်။

ရန်ကုန်-ပဲခူး-မန္တလေး အဝေးပြေးလမ်းမကြီးတွင် မောင်းနှင် နေသည့် ကုန်တင်ကားကြီးကို TOLL GATE ရှိ WEIGHT BRIDGE ဖြင့် ချိန်တွယ်စစ်ဆေးသည့်အခါ ဤသို့ တန်ပိုများတင်လာကြကြောင်း တွေ့ရှိနေရသည်။

ဝင်ရိုးသုံးခုပါသော ၁၀ဘီးကားတစ်စီးသ
အလေးချိန် ၁၀တန်ရှိရမည်ဖြစ်သော်လည်း ယခုအခါ
ရကြောင်း၊ အာဆီယံစံချိန်စံညွှန်းအတိုင်းဆိုပါ
ဖြစ်သဖြင့် ကုန် ခုနစ်တန်သာ တင်ခွင့်ရှိမည်ဖြ

မကြာမီကာလအတွင်း အာဆီယံနိုင်ငံများသ
များကို တစ်နိုင်ငံမှတစ်နိုင်ငံသို့ တိုက်ရိုက်ဖြတ်
အခါ မိမိတို့နိုင်ငံမှ ကုန်တင်ယာဉ်များသည် သတ်
မရှိပါက အခြားနိုင်ငံများသို့ ဖြတ်သန်းခွင့်ရမည်
မိမိတို့နိုင်ငံမှ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်
အကိုင် အခွင့်အလမ်းများ ဆုံးရှုံးနိုင်မည့်အပြင်
လျော့နည်းမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆောက်လု
ကြိုတင်မျှော်တွေးကာ အားလုံး၏အကျိုးအတွက်
နေခြင်းဖြစ်ကြောင်း၊ ယင်းအချိန်ကျမှ ပြင်ဆင်မည်
သွားမည် ဖြစ်ကြောင်း။

အဆင်ပြေစေရန်

ထို့အပြင် အာဆီယံစံချိန်စံညွှန်းအရ လမ်းမျာ
ဖြစ်သော်လည်း မိမိတို့နိုင်ငံမှ ကုန်တင်ကားများနှင့်
တန် ၆၀ခံနိုင်သော လမ်းပုံစံများ တည်ဆောက်
ပိုမိုကုန်ကျနေရကြောင်း။

အနှစ်ချုပ်အားဖြင့် စည်းကမ်းလိုက်နာ ဘေး
သယ်ဆောင်မည့် ကုန်ပစ္စည်းအလေးချိန်နှင့် ကို
အတွက်ပါရှိသည့် ယာဉ်များကို သုံးစွဲခြင်းဖြင့် အ
ဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးပညာပေးခဲ့သ

ပညာပေးဆွေးနွေးစဉ် ယာဉ်မောင်း၊ ယာဉ်
များက သတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင် မေ
ပိုမိုသတိထားထိန်းသိမ်းရပြီး အန္တရာယ်ရှိကြောင်း၊
ပိုမိုပင်ပန်းကြောင်း။

ယခင်က လမ်းမကောင်းလျှင် ဆောက်လု
ကြောင်း၊ ယခုအခါ မိမိတို့တွင်လည်း တာဝန်မ
ကြောင်း၊ ဝင်ရိုး၊ ဘီးအရေအတွက်နှင့် လမ်းပျက်စီ
ကောင်းစွာသဘောပေါက်ကြောင်း၊ ကျန်ယာဉ်ပိုင်
သဘောပေါက်ရန်လိုသဖြင့် ၎င်းတို့ နားလည်သဘေ
ပြောပြမည်ဖြစ်ကြောင်း စသည်တို့ကို ပြန်လည်ဆွေ
သိရသည်။

လမ်းတံတားလုံခြုံရေးနှင့် စည်းကမ်းထိန်းသိ
မြန်မာနိုင်ငံ၏ လမ်းများပေါ်၌ သွားလာ မောင်း
ယာဉ်များ၏ ဝင်ရိုးတန်းအလေးချိန်စစ်ဆေး၍
ရည်ရွယ်ချက်မှာ လက်ရှိမြန်မာနိုင်ငံအတွင်း အဓိ
တိုင်းဒေသကြီး အချင်းချင်းဆက်သွယ်သည့် လမ်းမ
နေသော ကုန်တင်ယာဉ်များ၏ ယာဉ်ပိုင်ရှင်၊ ယ
နောက်လိုက်များ၊ B.O.T စနစ်ဖြင့် လမ်းများကို
ပိုင်ရှင်ကုမ္ပဏီများသည် ဝင်ရိုးတစ်ချောင်း၏
(၁၀)တန် (အာဆီယံစံချိန်စံညွှန်း)အား အကြေ
ဖြစ်ကြောင်း သိရှိစေရန်နှင့် မိမိပိုင် ကုန်တင်ယာဉ်
အလေးချိန်နှင့်ကိုက်ညီစွာ အသုံးပြုနိုင်ရေး အချိန်
နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လမ်း
ကောင်းမွန်စေရန် ယာဉ်များ၏ ဝန်တင်မှုတန်ကို စ
နိုင်ငံတကာနှင့်အညီ ဆောင်ရွက်ရာတွင် အချို
"ကုန်ဈေးနှုန်းကြီးသွားမည်" ဆိုသည့်လုန့်လုံးဖြင့်
စေရန် ပြောနေကြကြောင်း၊ တင်လိုသောဝန်နှင့်
အသုံးပြုပါက ကုန်စည်စီးဆင်းမှုကို မထိခိုက်ပါ
သုံးချောင်းဖြင့် (၂၁)တန်တင်ရန်ကို (၃၆)တန်တင်
တင်လိုလျှင် ဝင်ရိုး ငါးချောင်းပါယာဉ်ဖြင့် တင်
ရသည်။

သို့ဖြစ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန
လုပ်ငန်းက လမ်း၊ တံတားလုံခြုံရေးနှင့် စည်းကမ်း
တန်ပိုယာဉ်၏ ဝင်ရိုးထမ်းအလေးချိန်များ စစ်ဆေး၊
နေမှုမှာ နိုင်ငံနှင့်ပြည်သူတို့၏ ရေရှည်အကျိုးစီ
ယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်းများကလည်း သက်
အသိပညာပေးခြင်းများကို မြန်မာနိုင်ငံ၏ လမ်
ကောင်းမွန်စေရေးအတွက် လိုက်နာခြင်းဖြင့် ပူးပေ
ကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်

ကုန်တင်နိုင်စွမ်းကို မြှင့်တင်ထားသည့်အတွက် ယာဉ်၏အလေးချိန်မှာ သတ်မှတ်အလေးချိန်ထက် များစွာပိုမိုနေကြောင်း။

ဝင်ရိုးသုံးခုပါသော ၁၀ဘီးကားတစ်စီးသည် သာမန်အားဖြင့် ယာဉ်အလေးချိန် ၁၀တန်ရှိရမည်ဖြစ်သော်လည်း ယခုအခါ ၁၄တန်ရှိသည်ကို တွေ့ရှိရကြောင်း၊ အာဆီယံစံချိန်စံညွှန်းအတိုင်းဆိုပါက ယာဉ်+တန်=၂၁တန်ဖြစ်သဖြင့် ကုန် ခုနစ်တန်သာ တင်ခွင့်ရှိမည်ဖြစ်ကြောင်း။

မကြာမီကာလအတွင်း အာဆီယံနိုင်ငံများသည် မိမိတို့၏ ကုန်ပစ္စည်းများကို တစ်နိုင်ငံမှတစ်နိုင်ငံသို့ တိုက်ရိုက်ဖြတ်သန်းသယ်ဆောင်ကြသည့်အခါ မိမိတို့နိုင်ငံမှ ကုန်တင်ယာဉ်များသည် သတ်မှတ်စံချိန်စံညွှန်းကိုက်ညီမှု မရှိပါက အခြားနိုင်ငံများသို့ ဖြတ်သန်းခွင့်ရမည်မဟုတ်ကြောင်း၊ ထိုအခါ မိမိတို့နိုင်ငံမှ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ အလုပ်အကိုင် အခွင့်အလမ်းများ ဆုံးရှုံးနိုင်မည့်အပြင် တိုင်းပြည်ဝင်ငွေလည်း လျော့နည်းမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ကြိုတင်မျှော်တွေးကာ အားလုံး၏အကျိုးအတွက် အပင်ပန်းခံ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယင်းအချိန်ကျမှ ပြင်ဆင်မည်ဆိုလျှင် များစွာနောက်ကျသွားမည် ဖြစ်ကြောင်း။

အဆင်ပြေစေရန်

ထို့အပြင် အာဆီယံစံချိန်စံညွှန်းအရ လမ်းများ၏ခံနိုင်ဝန်မှာ ၃၈တန်သာဖြစ်သော်လည်း မိမိတို့နိုင်ငံမှ ကုန်တင်ကားများနှင့် အဆင်ပြေစေရန် တန် ၄၀၊ တန် ၆၀ခံနိုင်သော လမ်းပုံစံများ တည်ဆောက်နေရသဖြင့် ငွေကြေးများ ပိုမိုကုန်ကျနေရကြောင်း။

အနှစ်ချုပ်အားဖြင့် စည်းကမ်းလိုက်နာ ဘေးကင်းကွာဆိုသကဲ့သို့ မိမိတို့သယ်ဆောင်မည့် ကုန်ပစ္စည်းအလေးချိန်နှင့် ကိုက်ညီသော ဝင်ရိုးအရေအတွက်ပါရှိသည့် ယာဉ်များကို သုံးစွဲခြင်းဖြင့် အားလုံးအတွက် အကျိုးရှိမှာဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးပညာပေးခဲ့သည်ဟု သိရသည်။

ပညာပေးဆွေးနွေးစဉ် ယာဉ်မောင်း၊ ယာဉ်ပိုင်ရှင်နှင့် ဂိတ်တာဝန်ခံများက သတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင် မောင်းနှင်ရသဖြင့် ယာဉ်အားပိုမိုသတိထားထိန်းသိမ်းရပြီး အန္တရာယ်ရှိကြောင်း၊ လမ်းမကောင်းသည့်အခါ ပိုမိုပင်ပန်းကြောင်း။

ယခင်က လမ်းမကောင်းလျှင် ဆောက်လုပ်ရေးကိုသာ အပြစ်မြင်မိကြောင်း၊ ယခုအခါ မိမိတို့တွင်လည်း တာဝန်မကင်းကြောင်းကို သိလာရကြောင်း၊ ဝင်ရိုး၊ ဘီးအရေအတွက်နှင့် လမ်းပျက်စီးမှုတို့ ဆက်စပ်ပုံကို ယခုကောင်းစွာသဘောပေါက်ကြောင်း၊ ကျန်ယာဉ်ပိုင်ရှင်များလည်း အလားတူသဘောပေါက်ရန်လိုသဖြင့် ၎င်းတို့ နားလည်သလောက် ပြန်လည်ရှင်းလင်းပြောပြမည်ဖြစ်ကြောင်း စသည်တို့ကို ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်ဟု သိရသည်။

လမ်းတံတားလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ ဖွဲ့စည်းပြီး မြန်မာနိုင်ငံ၏ လမ်းများပေါ်၌ သွားလာ မောင်းနှင်နေကြသော မော်တော်ယာဉ်များ၏ ဝင်ရိုးတန်းအလေးချိန်စစ်ဆေး၍ ပညာပေးခြင်းလုပ်ငန်း၏ ရည်ရွယ်ချက်မှာ လက်ရှိမြန်မာနိုင်ငံအတွင်း အဓိကကျသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အချင်းချင်းဆက်သွယ်သည့် လမ်းမကြီးများပေါ်တွင် သွားလာနေသော ကုန်တင်ယာဉ်များ၏ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များ၊ B.O.T စနစ်ဖြင့် လမ်းများကို တာဝန်ယူထားသည့် ဂိတ်ပိုင်ရှင်ကုမ္ပဏီများသည် ဝင်ရိုးတစ်ချောင်း၏ အလေးချိန်သတ်မှတ်ချက် (၁၀)တန် (အာဆီယံစံချိန်စံညွှန်း)အား အကောင်အထည်ဖော်တော့မည်ဖြစ်ကြောင်း သိရှိစေရန်နှင့် မိမိပိုင် ကုန်တင်ယာဉ်များအား သတ်မှတ်ဝင်ရိုးအလေးချိန်နှင့်ကိုက်ညီစွာ အသုံးပြုနိုင်ရေး အချိန်မီပြုပြင်မှုများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လမ်း၊ တံတားများ ရေရှည်ကောင်းမွန်စေရန် ယာဉ်များ၏ ဝန်တင်မှုတန်ကို စည်းကမ်းတကျရှိရေးအတွက် နိုင်ငံတကာနှင့်အညီ ဆောင်ရွက်ရာတွင် အချို့သောယာဉ်ပိုင်ရှင်များက "ကုန်ဈေးနှုန်းကြီးသွားမည်" ဆိုသည့်လှုံ့လုံးဖြင့် အများပြည်သူ အမြင်မှားစေရန် ပြောနေကြကြောင်း၊ တင်လိုသောဝန်နှင့်ကိုက်ညီသော ယာဉ်ကို အသုံးပြုပါက ကုန်စည်စီးဆင်းမှုကို မထိခိုက်ပါကြောင်း၊ ဥပမာ-ဝင်ရိုးသုံးချောင်းဖြင့် (၂၁)တန်တင်ရန်ကို (၃၆)တန်တင်လာပါက ၎င်း (၃၆)တန်တင်လိုလျှင် ဝင်ရိုး ငါးချောင်းပါယာဉ်ဖြင့် တင်ရန်သာဖြစ်ကြောင်း သိရှိခဲ့ရသည်။

သို့ဖြစ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက လမ်း၊ တံတားလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များဖွဲ့၍ တန်ပိုယာဉ်၏ ဝင်ရိုးထမ်းအလေးချိန်များ စစ်ဆေး၊ အသိပညာပေး ဆောင်ရွက်နေမှုမှာ နိုင်ငံနှင့်ပြည်သူတို့၏ ရေရှည်အကျိုးစီးပွားအတွက်ဖြစ်ကြောင်း၊ ယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်းများကလည်း သက်ဆိုင်ရာအဖွဲ့အစည်းများ၏ အသိပညာပေးခြင်းများကို မြန်မာနိုင်ငံ၏ လမ်းနှင့်တံတားများ ထာဝရကောင်းမွန်စေရေးအတွက် လိုက်နာခြင်းဖြင့် ပူးပေါင်းပါဝင် ကူညီကြစေလိုကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

ချောင်းကူးတံတားသစ် ဖွင့်ပွဲ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် မအူလေးပင် ချောင်းကူးတံတားသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်စဉ်။

(နယ်စပ်/စည်ပင်)

မအူပင်မြို့နယ် မအူလေးပင်ချောင်းကူးတံတားသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ ကျေးလက်ပြည်သူများ ရန်ကုန်နှင့် မအူပင်မြို့များသို့ အလွယ်တကူသွားလာနိုင်ပြီ

ရန်ကုန် စက်တင်ဘာ ၁၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်သည် စက်တင်ဘာ ၁၃ရက် နံနက် ၈နာရီတွင် မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် မအူလေးပင် ချောင်းကူးတံတားသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် မအူပင်ခရိုင် ဥက္ကဋ္ဌ ဦးအေးသောင်း၊ မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် ရပ်မိရပ်ဖ ဦးမြင့်နိုင်တို့က ထနီးကျေးရွာ မအူလေးပင် ချောင်းကူးတံတားသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖြတ်သန်းကြည့်ရှု

ထို့နောက် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် မအူလေးပင်တံတားသစ် တစ်လျှောက် ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါ ထနီးကျေးရွာ မအူလေးပင် ချောင်းကူးတံတားသည် တံတားအရှည် ၁၀၅ပေ၊ အကျယ် ၁၄ပေ၊ အမြင့် ၁၅ပေရှိ ကွန်ကရစ်တိုင်၊ သံပေါင်နှင့် သစ်သားကြမ်းခင်းတံတားဖြစ်ပြီး စည်ပင်သာယာရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ပြီးစီးခဲ့သော တံတားဖြစ်သည်။ ယခုကဲ့သို့ တံတားသစ်ဆောက်လုပ်ပေးနိုင်မှုကြောင့် မအူပင်-တွံတေး ကားလမ်းမှတစ်ဆင့် ရန်ကုန်မြို့နှင့် မအူပင်မြို့များသို့လည်းကောင်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် စည်ပင်သာယာရေး ဦးစီးဌာနက ကြီးကြပ်၍ ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်နေသည့် မအူပင်-တွံတေးကားလမ်း လှိုင်းတာရေတံခါးနှင့် ခတ္တိယလမ်းပိုင်း မိုင်တိုင်အမှတ် ၅/၁ ရှိ ကျောက်ခင်းလမ်းဆောင်ရွက်နေသော လမ်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက မအူပင်-တွံတေး ကားလမ်းပိုင်း လှိုင်းတာရေတံခါးမှ ခတ္တိယတံတားအထိ လမ်းအရှည် ၈/၁မိုင်၊ လမ်းအကျယ် ၁၈ပေရှိ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ကျောက်လမ်း မခင်းရသေးသည့် မြေသားလမ်းပိုင်းကို မိုးရာသီအတွင်း အသုံးပြုနိုင်ရန်၊ ကျောက်လမ်းခင်းခြင်း အမြန်ဆောင်ရွက်ရန်၊ ရာသီဥတု ကောင်းမွန်သည်နှင့် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း စတင်ရန်၊ ယခင် ပျက်စီးနေသည့် ကျောက်လမ်းအပိုင်းများကို တစ်ပြိုင်တည်း ပြုပြင်သွားရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မိုင်တိုင် အမှတ် ၅/၁ တွင် လက်ရှိကျောက်ခင်းလမ်း အကျယ် ၁၂ပေအား အကျယ် ၁၈ပေ ရရှိအောင် တစ်ဖက်သုံးပေစီ ကျောက်ခင်းလမ်းတိုးချဲ့မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး မှာကြားခဲ့သည်။

ဆက်သွယ်ရေးလမ်း

အဆိုပါ လမ်းပိုင်းများ ဖောက်လုပ်ပြီးစီးပါက မအူပင်မြို့မှ ရန်ကုန်မြို့သို့ မအူပင်-ခတ္တိယတံတား-တွံတေး(မြဂိုးကျေးရွာ) - တွံတေးတံတား-ရန်ကုန်(လှိုင်သာယာ) လမ်းကြောင်းအတိုင်း ကတ္တရာလမ်း အကျယ် ၁၈ပေ၊ လမ်းအရှည် ၃၆မိုင်ရှိ ဒုတိယ ဆက်သွယ်ရေးလမ်း တစ်လမ်း ပေါ်ပေါက်လာမည် ဖြစ်သည်။

တက်ရောက်

ယင်းနောက် ဝန်ကြီးသည် မွန်းတည့် ၁၂နာရီတွင် မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် မအူပင်မြို့နယ် ပဲတပွတ်ကူးတို့ဆိပ် ဇက်ရေယာဉ် ရေချခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် မအူပင်ခရိုင် ဥက္ကဋ္ဌ ဦးအေးသောင်း၊ မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် ရပ်မိရပ်ဖ ဦးမြင့်နိုင်တို့က ဇက်ရေယာဉ် ရေချခြင်းအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ဇက်ရေယာဉ်သစ်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးပြီး ဇက်ရေယာဉ်ဖြင့် မော်တော်ယာဉ်တင်ဆောင်ဖြတ်ကူးမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဇက်ရေယာဉ်သည် အလျား ၃၅ပေ၊ အနံ ၁၂ပေ၊ ရေစူးလေးပေရှိ သံကိုယ်ထည် စက်တပ်ဇက်ရေယာဉ်ဖြစ်ပြီး ယာဉ်နှင့်ကုန်အလေးချိန် ငါးတန်အထိ တင်ဆောင်နိုင်ကာ စည်ပင်သာယာရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မအူပင်မြို့နယ် သုံးခွကျွန်းအတွင်းရှိ ကျေးရွာအုပ်စု ၁၂ခု၊ ကျေးရွာပေါင်း ၄၈ရွာနေ ကျေးလက်ပြည်သူများသည် သုံးခွကျွန်းတာပေါင်ပတ် ကတ္တရာလမ်းမှ တစ်ဆင့် မအူပင်မြို့သို့ ပဲတပွတ်ကူးတို့ဆိပ်မှ ယခုကဲ့သို့ အဆိုပါ ဇက်ရေယာဉ်သစ်ဖြင့် လုံခြုံစိတ်ချစွာ ဖြတ်သန်းသွားလာနိုင်ပြီ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် မြန်မာမြားပစ်အဖွဲ့ပြင်ဆင်

ရန်ကုန် စက်တင်ဘာ ၁၅

အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် (၄)ကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် စက်တင်ဘာ ၁၉ရက်မှ ၂၁ရက်အထိ ရန်ကုန်မြို့ ကျိုက္ကဆံ အမှတ် (၅)ဂိတ်ရှိ မြားပစ်အဖွဲ့ချုပ် လေ့ကျင့်ရေးကွင်းတွင် လက်ခံကျင်းပမည်ဖြစ်သည်။

ယှဉ်ပြိုင်မည်

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သည် နိုင်ငံတကာ မြားပစ်ပြိုင်ပွဲများကို အိမ်ရှင်အဖြစ် အကြိမ်ကြိမ်လက်ခံကျင်းပခြင်း၊ အရှေ့တောင်အာရှ၊ အာရှအဆင့်သာမက ကမ္ဘာ့အဆင့်ပြိုင်ပွဲများအထိ အောင်ပွဲအလီလီ ရယူခဲ့ဖူးခြင်းကြောင့် ယခု အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၄)ကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲကိုလည်း ခမ်းနားသိုက်မြိုက် အောင်မြင်စွာကျင်းပရန် စီစဉ်ထားသည်။ အိန္ဒိယအသင်း အပါအဝင် အိမ်ရှင် မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ လာအို၊ စင်ကာပူနှင့် မွန်ဂိုလီးယား ခုနစ်နိုင်ငံမှ အားကစားသမား ၄၇ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၈ရက် နံနက် ၉နာရီတွင် ကျင်းပသွားမည်ဖြစ်ပြီး အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ် ကောင်စီအစည်းအဝေးကို စက်တင်ဘာ ၁၉ရက် ည ၇နာရီတွင် မြရိပ်ညိုဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် မြားပစ်အားကစားသမားများ လေ့ကျင့်နေကြစဉ်။

(မြန်မာ့အလင်း)

သူတို့ပါဝင်

ပြိုင်ပွဲဝင် မြန်မာမြားပစ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးဖြိုးကိုကိုတင့်ဆန်း၊ အုပ်ချုပ်သူများအဖြစ် ဦးသန်းကြိုင်၊ ဦးသိန်းသန်းနိုင်၊ ဒေါ်သီတာဝင်း၊ နည်းပြများအဖြစ် ဦးအောင်သူရ၊ ဒေါ်သီသီဝင်း၊ ဒေါ်မြတ်သူဇာမြင့်၊ ကစားသမားများအဖြစ် Recurve အမျိုးသား-ဇော်ဝင်းထိုက်၊ နေမျိုးအောင်၊ ရန်အောင်စိုး၊ နန်းအောင်၊ အောင်မျိုးသူ၊ ရှိန်းထက်ကျော်၊ အမျိုးသမီး- သင်းသင်းခိုင်၊ သဇင်အောင်၊ လိုင်းဒိုင်း၊ ကြည်ကြည်ခင်၊ ယုနန္ဒာအောင်၊ စန်းယုထွေး၊ Compound အမျိုးသား-ရဲမင်းဆွေ၊ ပိုင်မြတ်သူ၊ ချစ်ဝင်းရှိန်၊ စောမြကျော်သူ၊ အောင်ခြိမ့်ဘော်၊ ဇာနည်ထက်၊ အမျိုးသမီး- အောင်ငှိမ်း၊ လုလုစံ၊ ယောစိမ်းယ၊ တင်ဇင်အိ၊ ဟုန်းထန်းအွယ်နှင့် မြတ်သန္တာတို့ ပါဝင်ကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကြည်ရှန်း၏ စိတ်ကူးတစ်ချက် လင်းလက်သွားစေစာအုပ် ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၅

စာရေးဆရာကြည်ရှန်း၏ **စိတ်ကူးတစ်ချက် လင်းလက်သွားစေ** စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။ **(ယာပုံ)**

ယင်းစာအုပ်သည် ရွန်ခေါ့ဖ်မင်း (Rom Kaufman) က စုဆောင်းရွေးချယ်ပြုစုထားသည့် စာကိုး စကားကိုး စာအုပ် Life Me Up, What a Great Idea! ကို ဆရာကြည်ရှန်းက မြန်မာပြန်ဆိုထားခြင်းဖြစ်ပြီး စာရေးဆရာကြည်မင်းက ပြင်ဆင်တည်းဖြတ်ပေးထားသည်။ တီထွင်ဖန်တီးချင်သူများ၊ ကြိုးစားအားထုတ်လိုစိတ် ရှိသူများအတွက် ခွန်အားဖြည့်ပေးနိုင်သော စာအုပ် ဖြစ်သည်။ နပိုလီယန် ဘိုနာပတ်၊ သောမတ်စ် အက်ဒီဆင်၊ ဝွါန်အက်ဖ်ကနေဒီ၊ ဂျက်ဝဲလ်ချ်၊ ဘီလ်ဂိတ်စ်၊ လီယိုနာဒိုဒါဗင်ချီ စသဖြင့် နယ်ပယ်အသီးသီးတွင် ထွန်းတောက်ထင်ရှားခဲ့သူများ၏ နာယူစရာ၊ မှတ်သားစရာ စကားများဖြစ်သည်။

ကမ္ဘာ့ထိပ်တန်းပညာရှင် အသီးသီးတို့၏ ဆိုရိုးစကားပေါင်း ၂၆၅ခုကို စုစည်းတင်ပြပေးထားသည်။ ဆိုရိုးစကား တစ်ခုချင်းစီအတွက် အဆိုပါစကားနှင့်ဆက်စပ်ပြီး ဖြည့်စွက်ရှင်းလင်း အကြံပေးထားချက်များ ပါဝင်သည်။ ဆိုရိုးစကားများကို ထူးခြားပြောင်မြောက်သော စိတ်ကူးများ၊ ထူးခြားပြောင်မြောက်သော တီထွင် ဆန်းသစ်မှုများ၊ ထူးခြားပြောင်မြောက်သော ဖွဲ၊ ထူးခြားပြောင်မြောက်သော ပါရမီဟု ကဏ္ဍလေးခုဖြင့် ခွဲခြားတင်ပြပေးထားသည်။ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ပူးတွဲဖော်ပြထားခြင်းကြောင့် မူရင်း အင်္ဂလိပ်ဘာသာနှင့် ရေးသားထားချက် စကားအသုံးအနှုန်းများကို စူးစမ်းခွင့်ရနိုင်သလို မြန်မာဘာသာပြန်ဆိုချက် အယူအမြင် သဘောတရားများကိုလည်း လေ့လာနိုင်မည်ဖြစ်သည်။

ဘဝကို အားနှင့် မာန်နှင့် ရင်ဆိုင်ချင်သူများ စိတ်ကူးတစ်ချက်လောက် ရသွားရုံနှင့် လမ်းပွင့်သွားနိုင်သည့် စာအုပ်ဖြစ်သည်။ ခေတ်အသီးသီးက ထိပ်သီးကြီးများ၏ ရင်တွင်းအနှစ်များကို ခံယူအားဖြည့်ကာ မိမိဘဝတက်လမ်းကို ပုံဖော်ကြံဆောင်နိုင်မည့် စာအုပ် ဖြစ်သည်။ အဆိုပါ စာအုပ်ကို Wisdom House အမှတ် ၁၀၁ တိုက်(၁၁၉၁-၁၁၉၂) လက်ဝဲမင်းဒင်လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၀-၅၈၅၃၃၊ ၀၁-၅၄၅၀၃၆မှ ဖြန့်ချိပြီး စာအုပ်တန်ဖိုး ငွေကျပ် ၁၅၀၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မော်လမြိုင်စက်မှုဇုန်သို့ လေ့လာရေးတစ်ခေါက်ရောက်ခဲ့သည်

သတင်းခရီးသည် - မျိုးမင်းသိန်း(မရမ်းကုန်း)၊ ဓာတ်ပုံမှတ်တမ်း-သတင်းထောက်လေးနွယ် (မင်္ဂလာဒုံ)

ရန်ကုန် စက်တင်ဘာ ၁၅

မြန်မာ့အလင်းသတင်းအဖွဲ့သည် မွန်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှု သတင်းဆောင်းပါးများရေးသားရန် မော်လမြိုင်သို့ ခရီးတစ်ခေါက်ရောက်ရှိခဲ့သည်။ မော်လမြိုင်မြို့သည် သံလွင်တံတားကြီး (မော်လမြိုင်)ကို ဖွင့်လှစ်ခဲ့ပြီးသည့်နောက်တွင် တစ်ဟုန်ထိုး တိုးတက်ခဲ့သည်။ တံတားကြီး၏ ကျေးဇူးကြောင့် မြန်မာနိုင်ငံအဝန်း ကုန်းလမ်းဖြင့် ခရီးဆန့်နိုင်ကြပြီ ဖြစ်သည်။

ထို့အပြင် မော်လမြိုင်မြို့တွင် စက်မှုဇုန် တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းကလည်း မော်လမြိုင်မြို့ ပိုမိုတိုးတက်ဖွံ့ဖြိုးရေးအတွက် အထောက်အကူ ဖြစ်စေခဲ့သည်။ ထို့ကြောင့် မော်လမြိုင်စက်မှုဇုန်သို့ လေ့လာရန် စာရေးသူတို့အဖွဲ့ ခရီးဆက်ခဲ့ကြသည်။

ရွေးချယ်တည်ဆောက်

စာရေးသူတို့ အဖွဲ့သည် အတ္တရံ ကြိုးဆိုင်း မြစ်ကူးတံတားကို ဖြတ်သန်းပြီးသည်နှင့် တံတားနှင့် ကိုက် ၈၀၀အကွာတွင်ရှိသော မော်လမြိုင် ဇာသပြင် ကားလမ်းနံဘေးက မော်လမြိုင်စက်မှုဇုန်ကို ရောက်ရှိခဲ့သည်။ မော်လမြိုင်စက်မှုဇုန်ကို ယခင် မော်လမြိုင်မြို့နယ် ကျောက်တန်းကျေးရွာအုပ်စု ကျောက်တန်းကွင်း ဦးပိုင်အမှတ် (၁၁/၁၂)ဧရိယာ ၂၅၄ဒသမ ၃၀ ဧကတွင် ရွေးချယ်တည်ဆောက်ခဲ့သည်။ စက်မှုဇုန် မြေနေရာသည် မော်လမြိုင်-ရေးရထားလမ်းဘေးတွင်ဖြစ်ပြီး မော်လမြိုင်-ရေး ကားလမ်းအနောက်ဘက် ၁၈မိုင်ခန့် အကွာတွင် ရှိသည်။

ဖွဲ့စည်း

မော်လမြိုင်စက်မှုဇုန် ကြီးကြပ်ရေးကော်မတီအား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဆောင်၍ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သော အဖွဲ့ဝင် ၃၄ဦးဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။ မော်လမြိုင်စက်မှုဇုန်အတွင်း စက်မှုလုပ်ငန်းများ အဖြစ် အကြီးစား၄၃ခု၊ အလတ်စား ၁၃၀၊ အငယ်စား ၁၅ခု စုစုပေါင်း၁၈၈ခု မှတ်ပုံတင်ထားသည်။ ၂၀၁၀ ခုနှစ် ဇွန်လကုန်အထိ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ် ၁၉၉၈ ဒသမ ၉၆သန်းရှိပြီး ထုတ်လုပ်မှုတန်ဖိုး ကျပ်သန်း ၉၆၅၈ဒသမ ၉၆သန်း ရှိကြောင်း သိရသည်။ ရော်ဘာပြား ကြိတ်စက်လုပ်ငန်း၊ သံရည်ကျိုလုပ်ငန်း၊ သံအမာတင်ခြင်းလုပ်ငန်း၊ ဓာတ်မြေဩဇာ ထုတ်လုပ်မှုလုပ်ငန်း၊ ရေလုပ်ငန်းသုံးဘောသီးလုပ်ငန်း၊ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်း စသည်တို့ကို အဓိက လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ထုတ်လုပ်တပ်ဆင်

မော်လမြိုင်စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဝင်ဥက္ကဋ္ဌ အောင်ကောင်း (ရွှေမြိုင်) မော်တော်ယာဉ်ထုတ်လုပ်ရေး လုပ်ငန်းပိုင်ရှင် ဦးစိန်ပုနှင့် တွေ့ဆုံရာတွင် "၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှာ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းအဖွဲ့ ၁၇ဖွဲ့ရှိပြီး အဆိုပါ ဘဏ္ဍာရေးနှစ်တွင် မော်တော်ယာဉ်ထုတ်လုပ်ခွင့်ပြု ၉၄၅စီးအနက် ထုတ်လုပ်ပြီး စီးရေ ၈၁၂စီးဖြစ်ပါတယ်။ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း မော်တော်ယာဉ်များ ထုတ်လုပ်တပ်ဆင် ဆောင်ရွက်ရာတွင် စက်မှု(၁) ဝန်ကြီးဌာနမှ တင်ဒါမှာယူတင်သွင်းသည့် အင်ဂျင်နှင့်ဆက်စပ်ပစ္စည်းများဖြင့် ဝယ်ယူထုတ်လုပ်တပ်ဆင်ရာ မော်တော်ယာဉ်ထုတ်လုပ်သူလုပ်ငန်းရှင် ၁၄ဦးက ထုတ်လုပ်ဖို့လျာထားတဲ့ ယာဉ် ၁၇၅စီးအနက် ၅၆စီး စစ်ဆေးခံထုတ်လုပ်ပြီးဖြစ်ပါတယ်။ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် ချုပ်ဆိုထားသော စာချုပ်များအရ ကုမ္ပဏီများမှ တင်သွင်းလာသည့် အင်ဂျင်နှင့် ပစ္စည်းများကို ၂၀၁၀ခုနှစ် မတ်လအထိ စစ်ဆေးခံ ထုတ်လုပ် တပ်ဆင်ပြီးတဲ့ မော်တော်ယာဉ်ပေါင်း ၂၆၄စီး ရှိပါပြီ။ အောင်ကောင်း (ရွှေမြိုင်) မော်တော်ယာဉ်ထုတ်လုပ်ရေးရုံမှ ၂၀၀၃ ခုနှစ်မှ ယခုအချိန်အထိ ဂျစ်(လိုက်ထရပ်) အစီးရေပေါင်း ၁၅၀ခန့် ဈေးကွက်တင်ပြီးဖြစ်ပါတယ်" ဟု အသေးစိတ် ရှင်းလင်းပြောကြားသည်။

"ရော်ဘာစိုက်ပျိုးတဲ့နေရာတွေက မှာယူတာကို လုံလောက်အောင် ထုတ်လုပ်ပေးနေပါတယ်"။
ဦးဇော်မိုးခိုင် မန်နေဂျာ
ကင်းတံဆိပ် ရော်ဘာစေးကြိတ်စက်ထုတ်လုပ်ရေးစက်ရုံ

အောင်ကောင်း(ရွှေမြိုင်) မော်တော်ယာဉ်ထုတ်လုပ်ရေးမှ ထုတ်လုပ်သောကားအမျိုးအစားပုံစံ။



မော်လမြိုင်စက်မှုဇုန်တည်နေရာသို့အဝင် ဆိုင်းဘုတ်အလှကို ဤသို့ တွေ့ရသည်။

ဆက်လက်၍ ရော်ဘာစေးကြိတ်စက် (King)ကင်းတံဆိပ်ဖြင့် ရော်ဘာစေးကြိတ်စက်ထုတ်လုပ်သည့် စက်ရုံသို့ ရောက်ရှိရာ မန်နေဂျာ ဦးဇော်မိုးခိုင်က "ကျွန်တော်က B.Eနဲ့ ကျောင်းပြီးသွားပြီး မိဘတွေရဲ့လုပ်ငန်းခွင်မှာ ကြီးကြပ်ဆောင်ရွက်နေပါတယ်။ ရော်ဘာစေးကနေ ရော်ဘာပြားတွေ ထုတ်လုပ်နိုင်တဲ့ ကြိတ်စက်တွေကို ပြုလုပ်နေပါတယ်။ ရော်ဘာပြားတွေကို ခေတ်မီ ကြိတ်စက်ကြီးတွေ အသုံးပြုပြီး ကြိတ်နိုင်ပြီ ဖြစ်ပါတယ်။ လူအားနဲ့ အဆင့်ဆင့်ကြိတ်ရတဲ့ ကြိတ်စက်တွေ ထုတ်လုပ်နေရာမှ လျှပ်စစ်မော်တာအားများ အသုံးပြု၍ စက်ကြိတ်နည်းဖြင့် အပြီးသတ် ကြိတ်ပေးနိုင်တဲ့ ရော်ဘာပြားကြိတ်စက်တွေကို တီထွင်ထုတ်လုပ်နေပြီဖြစ်လို့ စိုက်ဧကများတဲ့ ရော်ဘာခြံကြီးတွေအတွက် အထူးသင့်လျော်ပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

အနာဂတ်လင်းရောင်ခြည်

မော်လမြိုင်မြို့နယ်သည် ရော်ဘာစိုက်ပျိုးရေးကို အဓိက ထုတ်လုပ်သောမြို့နယ်ဖြစ်သည့်အားလျော်စွာ ရော်ဘာစိုက်ပျိုးမှုကို အခြေခံလျက် ရော်ဘာလုပ်ငန်းသုံး စက်ကိရိယာများအပြင် လယ်ယာလုပ်ငန်းသုံး စက်ကိရိယာများကိုလည်းကောင်း၊ မော်တော်ယာဉ်များကို လည်းကောင်း၊ စပါးခွံလောင်စာဖြင့် လျှပ်စစ်စွမ်းအား ထုတ်ယူနိုင်သည့် စပါးခွံဓာတ်ငွေ့သုံး အသေးစား ဓာတ်အားပေးစက်များကိုလည်းကောင်း၊ အခြားစက်မှုအထွေထွေသုံး စက်ကိရိယာများကိုလည်းကောင်း ဒေသအခြေအနေနှင့် လိုက်ဖက်ကိုက်ညီမည့် နည်းပညာတို့ဖြင့် ပေါင်းစပ်ဖလှယ်ကာ ထုတ်လုပ်နိုင်မှုကြောင့် မော်လမြိုင်စက်မှုဇုန်တွင် စက်မှုလုပ်ငန်းများ တစ်ခေတ်ဆန်းသစ်ပြီဟု ပြောရလောက်အောင် စက်မှုလုပ်ငန်းများဖြင့် စည်ပင်ဖွံ့ဖြိုးနေပြီဖြစ်သည်။ မော်လမြိုင် စက်မှုဇုန်တွင် စက်မှုဇုန်ကြီးကြပ်ရေး ကော်မတီအနေဖြင့် စက်မှုလုပ်ငန်းရှင်များအား မိမိတို့ဒေသထွက်ကုန်များဖြစ်သည့် စပါး၊ ရော်ဘာ၊ ဥယျာဉ်ခြံထွက် ပစ္စည်းများနှင့် ရေလုပ်ငန်းထုတ်ကုန်များကို တိုးတက်ထုတ်လုပ်ရေး၊ နောင်ရေရှည် ခိုင်မြဲနိုင်မည့် စက်ရုံများအဖြစ် ရပ်တည်နိုင်စေရေး အနီးကပ်ကြီးကြပ်၍ တွန်းအားပေးလျက်ရှိသည်။

ယခုအခါ မော်လမြိုင် စက်မှုဇုန်တွင် အရည်အသွေး ပြည့်မီသည့် စက်မှုကုန်ထုတ်ပစ္စည်းများအား တစ်နိုင် တစ်ပိုင် ဆတက်ထမ်းပိုး တိုးမြှင့်လုပ်ကိုင်ထုတ်လုပ်လာပြီဖြစ်၍ စက်မှုဇုန်များထုတ်လုပ်မှု စွမ်းပကားသည် စက်မှုတစ်ခေတ် ဆန်းသစ်ရေးအတွက် အနာဂတ် လင်းရောင်ခြည်များပင် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဒေသခံပြည်သူများ ကူးသန်းသွားလာရေးနှင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးအတွက် အားထားနေရသော အတ္တရံ တံတားကို တွေ့မြင်ရစဉ်။

❐ *ကျောဖုံးမှ*

ကမ္ဘာ့အရပ်အမြင့်ဆုံး မိန်းကလေး ဆီးလ်ဗား။

*သတင်းထောက် ။ ။**အသက်ဘယ်လောက်မှာ သိသိသာသာ အရပ်ရှည်တယ်လို့ သတိပြုမိသလဲ။***

ဆီးလ်ဗား ။ ။သေသေချာချာတော့ မမှတ်မိပါဘူး။ ဒါပေမယ့် အသက် ကိုးနှစ်လောက်မှာ သူများတွေထက် အရပ်ပိုမြင့်နေတာမို့ လူတွေ ဝိုင်းကြည့်ခြင်း ခံခဲ့ရတာပါပဲ။

*သတင်းထောက် ။ ။**အဲဒီလို လူတွေဝိုင်းကြည့်တော့ စိတ်ထဲ ဘယ်လိုခံစားရပါသလဲ။***

ဆီးလ်ဗား ။ ။ပထမတော့ ရှက်စိတ်ဖြစ်ပေမယ့် အမေက ဒါဟာ ဘာမှ ရှက်စရာ မဟုတ်ဘူး။ သူ့သဘာဝနဲ့သူ ဖြစ်တာလို့ အမြဲဆုံးမ သတိပေးတာမို့ အခုအချိန်မှာ ဘယ်လိုမှမခံစားရတော့ပါဘူး။

*သတင်းထောက် ။ ။**ကျောင်းထွက်ထားတယ်ဆိုတော့ လက်ရှိ ဘာလုပ်နေပါသလဲ။***

ဆီးလ်ဗား ။ ။အိမ်အလုပ်တွေ ဝိုင်းကူလုပ်ပေးတယ်။ တီဗွီကြည့်တယ်၊ သူငယ်ချင်းတွေ၊ ညီမတွေနဲ့ အားတဲ့အချိန်မှာ ကစားပါတယ်။

*သတင်းထောက် ။ ။**အနာဂတ်ရည်မှန်းချက်က ဘာဖြစ်ချင်သလဲ ပြောပြပါဦး။***

ဆီးလ်ဗား ။ ။အောင်မြင်တဲ့ မော်ဒယ်တစ်ဦး ဖြစ်ချင်ပါတယ်။ ထူးခြားတဲ့ အရပ်မြင့်မားနေသူဆိုတော့ အဲဒီအရပ်နဲ့ပဲ မော်ဒယ်အလုပ် လုပ်ချင်ပါတယ်....ဟု ကမ္ဘာ့အရပ်အမြင့်ဆုံးမိန်းကလေး အီလီဆာနီဆီးလ်ဗားက ပြောကြားသွားပါကြောင်း။ ။

(အင်တာနက်)

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေထိန်းသိမ်းစို့

မသန်စွမ်း အားကစားသမားများအား ဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၅

(၂၂)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းအားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့သော ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)မှ အားကစားမောင်မယ်များအား ဂုဏ်ပြုဆုပေးပွဲအခမ်းအနားနှင့် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏ မသန်စွမ်းသူများအတွက် ရန်ပုံငွေဘောလုံးပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် Actor Star Football Club နှင့် မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းကြီးများဖြင့် ဖွဲ့စည်းထားသည်။ All Star Football Club (1993) တို့ တွေ့ဆုံပွဲကို စက်တင်ဘာ ၁၇ရက် (သောကြာနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်လမ်းရှိ Traders Hotel (Ballroom-2) ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ မူဆယ်ခရိုင်အတွင်းရှိ ကော်မရှင်အဖွဲ့ခွဲဝင်များနှင့်တွေ့ဆုံ မဲရုံနေရာများအား ကြည့်ရှုစစ်ဆေး

မူဆယ် စက်တင်ဘာ ၁၅

ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲဝင်များဖြစ်ကြသည့် ဦးမြင့်စိုးနှင့် ဦးမြင့်ကိုကိုတို့သည် မူဆယ်ခရိုင်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မူဆယ်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ ကွတ်ခိုင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မူဆယ်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များအား စက်တင်ဘာ ၁၁ရက် နံနက် ၈နာရီက မူဆယ်မြို့ မြို့တော်ခန်းမ၌ တွေ့ဆုံပွဲကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲဝင်များဖြစ်သည့် ဦးမြင့်စိုးနှင့် ဦးမြင့်ကိုကို တို့က အဖွင့်အမှာစကားပြောကြားပြီး မူဆယ်ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် မူဆယ်၊ နမ့်ခမ်းနှင့်ကွတ်ခိုင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက ခရိုင်၊ မြို့နယ်အလိုက် လုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို တင်ပြကြသည်။ ထို့နောက် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဝင်များက လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဝင်များသည် မူဆယ်မြို့ပေါ်ရှိ မဲရုံနမူနာများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ အလားတူပင် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဝင်များသည် စက်တင်ဘာ ၁၂ရက်တွင် နမ့်ခမ်းမြို့နယ်ရှိ မဲရုံနမူနာများအားလည်းကောင်း၊ စက်တင်ဘာ ၁၃ရက်တွင် ကွတ်ခိုင်မြို့နယ်ရှိ မဲရုံနမူနာများအားလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ပထမဆုရအသင်းအား တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။ (အား/က)

တစ်ချက်တည်းကျင်းဝင်

သံဖြူဇရပ် စက်တင်ဘာ ၁၅

သံဖြူဇရပ်မြို့ ရွှေဖြူရတနာ ဂေါက်ကလပ်တွင် ဩဂုတ် ၃၀ရက်က ဦးစံမြသည် ကစားဖော်များဖြစ်သော ဗိုလ်မှူးကြီး တင်ထွန်းအောင်၊ ဦးဘန်ပို့၊ ဦးထွန်းတီ၊ ဦးဝင်းနိုင်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၄)သို့ ၁၄၃ ကိုက်အကွာမှ Srixon No.4 ဘောလုံးကို Honma No.7 တုတ်ဖြင့်ရိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ

ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၅

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် စက်တင်ဘာ ၁၃ ရက် ညနေပိုင်းက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည့် ၂၀၁၀ခုနှစ် (၁၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဗိုလ်လုပွဲများအပြီး ဆုချီးမြှင့်ပွဲ အခမ်းအနား၌ အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီး(ခ)အသင်း၊ ဒုတိယဆုရ ဧရာဝတီတိုင်းဒေသကြီး (က)အသင်းနှင့် တတိယဆုရ ရန်ကုန်တိုင်းဒေသကြီး (က)အသင်းတို့အား မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် အမှုဆောင် ဦးခင်ထွန်းက လည်းကောင်း၊ အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီး အသင်း၊ ဒုတိယဆုရ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရ ပဲခူးတိုင်းဒေသကြီးအသင်းတို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (အောက်မြန်မာပြည်) ဦးနော်တောင်ကလည်းကောင်း၊ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီး (ခ) အသင်း၊ ဒုတိယဆုရ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရ ဧရာဝတီတိုင်းဒေသကြီး (က)အသင်းတို့အား မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် နာယက ဒေါ်သက်သက်ဆွေကလည်းကောင်း၊ အမျိုးသားသုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရ မန္တလေးတိုင်းဒေသကြီး အသင်းတို့အား အားကစားဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမြင့်ကလည်းကောင်း တစ်ဦးချင်းဆုများနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အမျိုးသားအသင်းလိုက် ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရ မန္တလေးတိုင်းဒေသကြီးအသင်းတို့အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က တစ်ဦးချင်းဆုများနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီး (ခ) အသင်း၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီး (ခ)အသင်း၊ အမျိုးသား သုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်က တံခွန်စိုက် ဒိုင်းဆုကြီးများနှင့် ဆင့်ပွားဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုက်နယ်ဆေးရုံအတွက် အောက်ဆီဂျင်စက်လှူဒါန်း

ညောင်ဦး စက်တင်ဘာ ၁၅

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာတွင် တိုက်နယ်ဆေးရုံအတွက် အောက်ဆီဂျင်စက်လှူဒါန်းခြင်းနှင့်ကမ္မကန်တော်ကြီး ဆယ်တင်ခြင်းလုပ်ငန်းအတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၂ ရက် နံနက်က ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာ တောင်ဇင်းတိုက်နယ်ဆေးရုံ၌ ကျင်းပရာ ရေးဦးစွာ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရန်လင်းအောင်က အမှာစကား ပြောကြားသည်။ ထို့နောက် အလှူရှင်များက ကမ္မကန်တော်ကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ မန္တလေးမြို့နေ ဦးတင်လှ-ဒေါ်ခင်ကြိုင် မိသားစုက လှူဒါန်းသည့် အလှူငွေကျပ်၅၅သိန်းနှင့် ရန်ကုန်မြို့နေ ဦးဝင်းဦး-ဒေါ်သီတာ မိသားစုကလှူဒါန်းသည့် အလှူငွေကျပ် သိန်း၂၀ တို့ကို ညောင်ဦးခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရန်လင်းအောင်က လက်ခံယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ **(ဝဲပုံ)** ဆက်လက်၍ အလှူရှင်များ လှူဒါန်းသည့် အလှူငွေများကို သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံယူသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဦးတင်လှ-ဒေါ်ခင်ကြိုင် မိသားစုက ညောင်ဦးမြို့နယ် တောင်ဇင်း တိုက်နယ်ဆေးရုံအတွက် မတည်လှူဒါန်းသည့် အောက်ဆီဂျင်ပေးစက်ကို ပေးအပ် လှူဒါန်းရာ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ထွန်းက လက်ခံယူပြီး တိုက်နယ်ဆရာဝန် ဒေါက်တာကျော်နိုင်ဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

(ဝ၇၉)

ပညာရည်ချွန် ဆုပေးပွဲ

ညောင်လေးပင်မြို့၌ ကျင်းပ

ညောင်လေးပင် စက်တင်ဘာ ၁၅

ညောင်လေးပင်မြို့ အမက သမစိတ္တကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင်အား ဂုဏ်ပြု ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၆ရက် နံနက် ၁၀ နာရီက အမက သမစိတ္တ ကျောင်း၌ ကျင်းပရာ အခမ်းအနားတွင် အထက(၁)ကျောင်းအုပ်ဆရာကြီး ဦးဝင်းသိန်း၊ အမက သမစိတ္တကျောင်းအုပ်ဆရာကြီး ဦးထွန်းထွန်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးညွန့်တို့က အမှာစကားပြောကြားကြသည်။

ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် အမက သမစိတ္တကျောင်းအုပ်ဆရာကြီး ဦးထွန်းထွန်းက အမက သမစိတ္တ ကျောင်းတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ထူးချွန်စွာ ပညာသင်ယူခဲ့ပြီး ၂၀၀၉-၂၀၁၀ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိခဲ့သော မထက်ထက်လင်းအား **(အောက်ပုံ)** ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ဝ၅၃)

စာအုပ်စာပေ လူ့မိတ်ဆွေ

ကြက်ငှက်တုပ်ကွေးရောဂါ ရှာဖွေလေ့လာရေး

မိုင်းဖြတ်၌ ညှိနှိုင်းစည်းဝေး

မိုင်းဖြတ် စက်တင်ဘာ ၁၅

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) တို့ပူးပေါင်းဆောင်ရွက်သည့် ကြက်ငှက်တုပ်ကွေးရောဂါပိုး စူးစမ်းရှာဖွေလေ့လာမှု အစီအစဉ်၏ လစဉ်ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁ရက် နံနက်၉နာရီက မိုင်းဖြတ်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

လုပ်ငန်းဆောင်ရွက်မှု

အစည်းအဝေးတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာ အောင်သူမျိုး ၊ ပြည်နယ်ဓာတ်ခွဲခန်းတာဝန်ခံအရာရှိ ဒေါက်တာ ကျော်ထွန်းခိုင် **(အောက်ပုံ)** တို့က ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားပြီး တိရစ္ဆာန် ကျန်းမာရေးအကူလုပ်သားများက လစဉ်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြ ဆွေးနွေးခဲ့ကြသည်။

(ခရိုင် ပြန်/ဆက်)

သတင်းနှင့်နည်းပညာဆိုင်ရာ အတွေ့အကြုံများရှင်းလင်းမည်

ရန်ကုန် စက်တင်ဘာ ၁၅

၂၁ ရာစု အရှေ့အာရှ လူငယ်ကျောင်းသား ချစ်ကြည်မှုဖလှယ်ရေးအစီအစဉ်ကြီး (JENESYS Programme) ကို ဂျပန်အစိုးရ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၊ ဂျပန် အင်တာနေရှင်နယ်ကိုအော်ပရေးရှင်းစင်တာ (JICE) နှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် တို့ပူးပေါင်းကာ မြန်မာနိုင်ငံတစ်ဝန်းရှိ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဝင် လူငယ်အိုင်တီပညာရှင် ၂၆ ဦးကို ရွေးချယ်ပြီး ဂျပန်နိုင်ငံသို့ ကာလတိုလေ့လာရေးခရီး သွားရောက်ခဲ့သည်။ သို့ဖြစ်၍ မြန်မာအိုင်တီလူငယ်ပညာရှင်များက သတင်းနှင့်နည်းပညာ ဆိုင်ရာ အတွေ့အကြုံ ရှင်းလင်းချက်များနှင့်အတူ MCPA JENESYS Free Talk အစီအစဉ်ကို စက်တင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ Conference Hall, ပင်မဆောင် မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသေးစိတ်သိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင်(၄) အခန်း(၄) မြန်မာအင်ဖိုတက်ခ် ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

သာယာလှပရေး

တောင်ကုတ်မြို့ သာယာလှပရေး အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ကိုင်းရှည်တံတား အဆင်း အတက် ချဉ်းကပ်လမ်းဘေးဝဲယာ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းနေမှုကို ဩဂုတ် ၂၈ရက်က အမှုဆောင်အရာရှိ ဦးလှဖော်ဇံ ကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ချန်ပီယံလိဂ် အုပ်စုပွဲများစတင်ယှဉ်ပြိုင် ဘာစီလိုနာ ဂိုးအများဆုံးသွင်းပြီးအောင်ပွဲခံ

မြင့်မောင်စိုး - စုစည်းသည်

လန်ဒန် စက်တင်ဘာ ၁၅

ချန်ပီယံလိဂ် အုပ်စုပြိုင်ပွဲများကို စက်တင်ဘာ ၁၅ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြပါတယ်။

လက်ရှိချန်ပီယံ အင်တာမီလန်အသင်းကတော့ အုပ်စု (က) အဖြစ် အက်ဖ်စီတွမ်တီးအသင်းနဲ့ ကစားရာမှာ တစ်ဖက်နှစ်ဂိုးစီ သရေဖြစ်ခဲ့ပါတယ်။

မန်ယူသရေ

အုပ်စု (ဂ) အဖြစ် မန်ယူနဲ့ စကော့တလန်ကလပ် ရိန်းဂျားစ်တို့ ယှဉ်ပြိုင်ခဲ့တဲ့ပွဲမှာတော့ ဂိုးမရှိ သရေပွဲဖြစ်ခဲ့ပါတယ်။ အိမ်ရှင်မန်ယူတို့ ကစားကွက် အသာရပေမယ့် ရိန်းဂျားစ်နောက်တန်းကို ပိုင်ပိုင်နိုင်နိုင်ထိုးဖောက်နိုင်စွမ်း မရှိခဲ့ပါဘူး။ ဒီပွဲမှာ မန်ယူကစားသမား ဗလင်စီယာ ဒုတိယပိုင်းမှာ အနာတရဖြစ်သွားတဲ့အတွက် ရာသီကုန်အထိ အနားယူရဖို့ရှိပါတယ်။

ဘာစီလိုနာ

၂၀၀၆နှင့် ၂၀၀၉ခုနှစ် ချန်ပီယံဘာစီလိုနာအသင်းကတော့ သူ့အိမ်ကွင်းမှာ ဂရိချန်ပီယံ ပနာသီနိုင်ကို့စ်အသင်းကို ငါးဂိုး-တစ်ဂိုးနဲ့အနိုင်ရလိုက်ပါတယ်။ ဒီပြိုင်ပွဲမှာ



ဘာစီလိုနာအသင်းမှ မက်ဆီနှင့် ဒေးဗစ်ဗီလာတို့ ပနာသီနိုင်ကို့စ်အသင်းကို အနိုင်ရပြီး အောင်ပွဲခံနေစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘာစီလိုနာရဲ့ တိုက်စစ်အားက အလွန်ကောင်းပါတယ်။ ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲမှာ စပိန်အသင်းမှ ကစားသွားတဲ့ ကစားသမားငါးဦးဟာ ဘာစီလိုနာအသင်းက ဖြစ်ပါတယ်။ ဒါပေမယ့် ဒီပွဲမှာ အာဂျင်တီးနား တိုက်စစ်မှူး မက်ဆီက နှစ်ဂိုးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ စပိန်တိုက်စစ်မှူး ဒေးဗစ်ဗီလာက တစ်ဂိုး၊ ပက်ဒရိုတို့နဲ့ ဒန်နီရယ်တို့က တစ်ဂိုးစီ သွင်းယူခဲ့ကြပါတယ်။ ဘာစီလိုနာက ငါးဂိုးစလုံးမသွင်းမီ ပနာသီနိုင်ကို့စ် ကစားသမား ဂိုဗိုက ပွဲစပြီး မိနစ် ၂၀မှာ ဂိုးသွင်းယူခဲ့ပါတယ်။ ဘာစီလိုနာရဲ့ ခြေစွမ်းကတော့ ဒီနှစ်ချန်ပီယံ ဖြစ်လာနိုင်တဲ့ ခြေစွမ်းလို့ ပြောရမလိုပါပဲ။

ဘင်ဖီကာ

ပေါ်တူဂီထိပ်တန်းကလပ် ဘင်ဖီကာအသင်းက အုပ်စု (ခ) ပြိုင်ပွဲအဖြစ် အေပိုးလ်တဲအဗစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရာမှာ နှစ်ဂိုး- ဂိုးမရှိနဲ့ အနိုင်ရခဲ့ပါတယ်။ ပြင်သစ်ကလပ် လိုင်ယွန်ကလည်း ရှော်လ်ကေးအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပြီး အုပ်စု (ခ)မှာ ဘင်ဖီကာနဲ့ အပြိုင် ရမှတ် သုံးမှတ်ရလိုက်ပါတယ်။

ဗလင်စီယာနိုင်

ဗလင်စီယာအသင်းကတော့ အုပ်စု (ဂ) ပြိုင်ပွဲမှာ တူရကီကလပ် ဘာဆာစပေါကို လေးဂိုးပြတ်နဲ့ နိုင်ခဲ့ပါတယ်။ ဗလင်စီယာတို့ ဒီအနိုင်ပွဲဟာ တူရကီမှာ သွားရောက်ကစားတဲ့အခါ ဘာဆာစပေါအသင်းကို အသာစီးနဲ့ ကစားနိုင်ဖို့ အခွင့်အလမ်းတစ်ရပ်ဖြစ်ပါတယ်။

မန်ယူတိုက်စစ်မှူး ရွှန်နေ(ယာ)၏ ထိုးဖောက်ကစားဟန်။ (အင်တာနက်ဓာတ်ပုံ)

စပါးသရေ

ပရီမီယာလိဂ်ကလပ်ဖြစ်တဲ့ စပါးကတော့ ဂျာမနီအသင်းဖြစ်တဲ့ ဝါဒါဘရီမင်ကွင်းမှာ သွားရောက်ကစားခဲ့ပါတယ်။ ဒီပွဲမှာ စပါးက ၁၈မိနစ် အတွင်းမှာ နှစ်ဂိုးအသာစီးနဲ့ သွင်းခဲ့ပြီးမှ ဝါဒါဘရီမင်အသင်းက နောက်မှ ချေပဂိုး နှစ်ဂိုးသွင်းယူခဲ့တာကြောင့် တစ်ဖက်နှစ်ဂိုးစီနဲ့ သရေကျခဲ့ပါတယ်။

ယခုနှစ် ချန်ပီယံလိဂ် ကန့်လန့်ကာအဖွင့်မှာ ဘာစီလိုနာတို့ ခြေစွမ်းပြခဲ့ပေမယ့် မန်ယူနဲ့ စပါးတို့ကတော့ လာမယ့်ပွဲတွေမှာ အနိုင်ရဖို့ ကြိုးစားရဦးမှာဖြစ်ပါတယ်။

ကိုးကား-အင်တာနက်

တစ်ပတ်အတွင်း ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားများ

မောင်မောင်မြင့်ဆွေ ရေးသားသည်

လန်ဒန် စက်တင်ဘာ ၁၅

ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ဘောလုံးပြိုင်ပွဲအသီးသီးမှာ ပါဝင်ယှဉ်ပြိုင်ကစားနေကြတဲ့ ဘောလုံးသမားတွေအနက် ယခုသီတင်းပတ်အတွင်းမှာ ခြေစွမ်းအကောင်းဆုံး ဘောလုံးသမားအချို့ကို အင်တာနက်၌ ဖော်ပြထားမှုကိုဖော်ပြရလျှင် -

နီလ်ဆင်ဗားလ်ဒက်ဖ်

နီလ်ဆင်ဗားလ်ဒက်ဖ်။

ပါရာဂွေးနိုင်ငံသားဖြစ်ပြီး ပါရာဂွေးနိုင်ငံ ဟာကျူလီကလပ်မှာ ကစားနေတဲ့ အသက် ၂၆နှစ်အရွယ် တိုက်စစ်မှူး ဖြစ်ပါတယ်။ ဗားလ်ဒက်ဖ်ဟာ ဟာကျူလီကလပ်နဲ့အတူ ဘာစီလိုနာအသင်းနဲ့ ယှဉ်ပြိုင်တဲ့အခါ အဖွင့်ဂိုး သွင်းယူနိုင်ခဲ့သူပါပဲ။ ဒါ့အပြင် အနိုင်ဂိုးပါ သွင်းယူနိုင်ခဲ့လို့ ဗားလ်ဒက်ဖ်ရဲ့ ဂိုးသွင်းစွမ်းရည်ဟာ အံ့အားသင့်စရာ ဖြစ်ခဲ့ပါတယ်။ ဥရောပမှာ နာမည်ကြီးပြီး အင်အားတောင့်တင်းတဲ့ ထိပ်တန်းအသင်းကို နှစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ ဗားလ်ဒက်ဖ်ဟာလည်း ကမ္ဘာ့ထိပ်တန်း ကလပ်တွေရဲ့ သတိထားခြင်းကို ခံခဲ့ရသူဖြစ်ခဲ့ပါတယ်။ ဘာစီလိုနာနည်းပြ ဂွါဒီယိုလာ လက်ထက် အိမ်ကွင်း နူးကင့်မှာ ကစားတဲ့ပြိုင်ပွဲတွေမှာ အဆိုးရွားဆုံး ပွဲစဉ်လည်း ဖြစ်ခဲ့ပါတယ်။ နီလ်ဆင်ဗားလ်ဒက်ဖ်ဟာ မိခင်ကလပ်မှာလည်း ခြေစွမ်းတွေပြ၊ ဂိုးတွေသွင်းယူပေးနိုင်တဲ့အပြင် ဘာစီလိုနာလိုအသင်းကို အိမ်ကွင်းမှာ တစ်ဦးတည်း နှစ်ဂိုး သွင်းယူခဲ့တာမို့ သီတင်းတစ်ပတ်အတွင်းမှာ ကမ္ဘာ့ အကောင်းဆုံး ဘောလုံးသမားအဖြစ် ဖော်ပြခြင်းခံရတာပါပဲ။

ဖာဘရီဂတ်စ်

စပိန်နိုင်ငံသားဖြစ်ပြီး အာဆင်နယ် ကွင်းလယ်ကစားသမား ဖြစ်ပါတယ်။ ဖာဘရီဂတ်စ်ဟာ ယခုသီတင်းပတ်အတွင်းမှာ ပရီမီယာလိဂ်ပွဲစဉ်အဖြစ် ဘော်လ်တန်



ဖာဘရီဂတ်စ်။

အသင်းနဲ့ ကစားတဲ့ပွဲမှာ လေးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရအောင် အဓိကစွမ်းဆောင်ခဲ့သူဖြစ်ပါတယ်။ အဲဒီပွဲမှာ အာဆင်နယ်တို့ လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိအောင် ဖာဘရီဂတ်စ်က သုံးဂိုးသွင်းယူနိုင်ရေး အဓိက ပံ့ပိုးပေးခဲ့တဲ့သူပါပဲ။ ဖာဘရီဂတ်စ်က ကွင်းလယ်ကစားကွက်ကို ထိန်းချုပ်နိုင်ပြီး တိုက်စစ်မှူးတွေ ဂိုးသွင်းနိုင်အောင် အဓိက ပံ့ပိုးပေးခဲ့လို့ ယခုလို ဂိုးပြတ်နိုင်ပွဲရရှိခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီပွဲမှာ အာရှာဗင် လွတ်လွတ်ကျွတ်ကျွတ် ဂိုးသွင်းနိုင်ရေး အနေတော်ခင်းပေးခဲ့ပေမယ့် အာရှာဗင် ဆန္ဒစောပြီး ကန်ချက်လွဲချော်ခဲ့တာမို့ ဂိုးမရရှိခဲ့ခြင်းပါပဲ။ ဒါကြောင့် သီတင်းတစ်ပတ်အတွင်းမှာ ဒုတိယမြောက် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားအဖြစ် ဖော်ပြခဲ့ခြင်း ဖြစ်ပါတယ်။

ဂိုင်ရာချီရိနီ

အီတလီနိုင်ငံသားဖြစ်ပြီး အီတလီစီးရီးအေကလပ် စီဆီနာမှာ ကစားနေတဲ့ တိုက်စစ်မှူး ဖြစ်ပါတယ်။ အသက် ၂၅နှစ်အရွယ်ရှိပြီး အံ့ဖွယ်ဂိုးသွင်းခြေစွမ်းကို သီတင်းတစ်ပတ်အတွင်း ပြသနိုင်သူဖြစ်ပါတယ်။ စီဆီနာအသင်းဟာ ပြီးခဲ့တဲ့ရက်က အေစီမီလန်အသင်းနဲ့ ကစားတဲ့အခါ ဂိုင်ရာချီရိနီ တစ်ဦးတည်း နှစ်ဂိုးသွင်းယူနိုင်ခဲ့တာမို့ အေစီမီလန်အသင်း အံ့အားသင့်ဖွယ် ရှုံးနိမ့်ခဲ့ရပါတယ်။ စီဆီနာအသင်းရဲ့ သမိုင်းဝင်အောင်ပွဲခံနိုင်ရေးကို ထူးထူးခြားခြား စွမ်းဆောင်ခဲ့တဲ့အပြင် စီဆီနာအသင်းမှာလည်း ဂိုးတွေ ဆက်တိုက်သွင်းယူပြနေတာမို့ ဒီသီတင်းပတ်ရဲ့ တတိယမြောက် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားအဖြစ် ဖော်ပြခြင်း ခံရတာဖြစ်ပါတယ်။



ဂိုင်ရာချီရိနီ။

အင်တိုနီရိုကာဆာနို။

အင်တိုနီရိုကာဆာနို

အီတလီနိုင်ငံသားဖြစ်ပြီး အသက် ၂၈နှစ်အရွယ်ရှိတဲ့ တိုက်စစ်မှူးတစ်ဦး ဖြစ်ပါတယ်။ အီတလီကလပ် ဆမ်ဒိုးရီးယားမှာ ကစားနေပြီး အရင်က ရိုးမားအသင်းနဲ့ ရီးရဲမက်ဒရစ်အသင်းတို့မှာ ကစားခဲ့ဖူးတဲ့သူဖြစ်ပါတယ်။ စက်တင်ဘာ ၁၄ရက်က ကစားခဲ့တဲ့ ယူရို ၂၀၁၂ ခြေစစ်ပွဲမှာ ဖာရိုးကျွန်းစုများအသင်းနဲ့ ကစားတဲ့ပွဲမှာ ကိုယ်တိုင် တစ်ဂိုးသွင်းယူပြီး နောက်ထပ် တစ်ဂိုးကိုတော့ ကစားဖော် တိုက်စစ်မှူး ဂိုးသွင်းနိုင်အောင် ဖန်တီးပေးနိုင်ခဲ့သူဖြစ်ပါတယ်။ ပြီးခဲ့တဲ့ စီးရီးအေပွဲစဉ်အဖြစ် ဂျူဗင်းတပ်စ်နဲ့ ကစားတဲ့ပွဲမှာလည်း ဆမ်ဒိုးရီးယားအသင်းအတွက် တစ်ဂိုးသွင်းယူပေးခဲ့တာမို့ ဒီသီတင်းပတ်အတွင်းမှာ စတုတ္ထမြောက် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားအဖြစ် ဖော်ပြခံရခြင်း ဖြစ်ပါတယ်။ ။ **(အင်တာနက်)**

ကောင်းမြတ်သူ ➤ စုစည်းသည်

ရီးရဲမက်ဒရစ်အသင်းအတွက် တိုက်စစ်မှူးတစ်ဦး နည်းပြမော်ရင်ဟို ခေါ်ယူမည်ဟုဆို

မက်ဒရစ် စက်တင်ဘာ ၁၅

ရီးရဲမက်ဒရစ်အသင်းသည် စပိန်လာလီဂါဖလားဆွတ်ခူးနိုင်ရေးအတွက် ဂိုးသွင်းစွမ်းရည်ကောင်းသည့် တိုက်စစ်မှူးကောင်းတစ်ဦး ဇန်နဝါရီလတွင် ခေါ်ယူရန် လိုအပ်လိမ့်မည်ဖြစ်ကြောင်း နည်းပြမော်ရင်ဟိုက ပြောကြားသည်။

သုံးသပ်

ရီးရဲမက်ဒရစ်အသင်းသည် နွေရာသီက အိန်ဂျယ်ဒီမာရီယာ၊ မီဆွတ်အိုဇီးလ်၊ ဆာမီခီဒီယာ၊ ပက်ထရိုလီယွန်နှင့်ကာဗယ်ဟိုတို့ကို ခေါ်ယူခဲ့သော်လည်း ဂိုးသွင်းစွမ်းရည်ကောင်းသည့် တိုက်စစ်မှူးကောင်းတစ်ဦး လိုအပ်နေသည်ဟု မော်ရင်ဟိုက သုံးသပ်သည်။ နည်းပြမော်ရင်ဟိုက ဇန်နဝါရီလတွင် မန်စီးတီးတိုက်စစ်မှူး အဒီဘာယောအား ခေါ်ယူရန် စဉ်းစားနေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ (အင်တာနက်)

မန်စီးတီးအတွက် ဒေးဗစ်ဆီးလ်ဗားလာပြီ

လန်ဒန် စက်တင်ဘာ ၁၅

စပိန်တောင်ပံကစားသမား ဒေးဗစ်ဆီးလ်ဗားသည် လာမည့် ပရီမီယာလိဂ်ပြိုင်ပွဲများတွင် မန်စီးတီးနှင့်အတူ ခြေစွမ်းပြ ကစားလိမ့်မည်ဖြစ်ကြောင်း နည်းပြမန်စီနီက ပြောကြားလိုက်သည်။

ဒေးဗစ်ဆီးလ်ဗားကို နွေရာသီက ဗလင်စီယာမှ ပေါင် ၂၅သန်းပေးပြီး ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ၎င်းသည် စပိန်အသင်းနှင့်အတူ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခြေစွမ်းပြကစားခဲ့သူဖြစ်သည်။

ဆီးလ်ဗားသည် **(အပေါ်ယာပုံ)** မန်စီးတီးက အသစ်ခေါ်ယူစာချုပ်လိုက်သော အင်္ဂလန်လူငယ် တိုက်စစ်မှူးများဖြစ်သည့် ဂျိမ်းစ်မီလ်နာ၊ အဒမ်ဂျွန်ဆင်တို့နှင့်အတူ ပွဲထွက်ကစားမည် ဖြစ်သည်။ ဆီးလ်ဗားသည် မန်စီးတီးအသင်း အောင်မြင်ရေးအတွက် အဓိကစွမ်းဆောင် ကစားပေးရန် အသင့်ဖြစ်နေပြီဖြစ်သည်။ **(အင်တာနက်)**

ကွင်းလယ်ကစားသမားရှနိုက်ဒါ အင်တာမီလန်နှင့် စာချုပ်သစ်ချုပ်ဆိုမည်



မီလန် စက်တင်ဘာ ၁၅

နယ်သာလန် ကွင်းလယ်ကစားသမား ဝစ်လေရှနိုက်ဒါသည် မန်ယူက ပေါင် ၂၅ သန်းပေးပြီး ကမ်းလှမ်းခဲ့သော်လည်း အင်တာမီလန် အသင်းမှာသာ ဆက်လက်ကစားမည် ဖြစ်ကြောင်း၊ အင်တာမီလန်အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် အသင့်ရှိကြောင်း ၎င်းက ထုတ်ဖော်ပြောကြားလိုက်သည်။ ရှနိုက်ဒါသည် တောင်အာဖရိက၌ ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် နယ်သာလန်အသင်းနှင့်အတူ ခြေစွမ်းပြကစားခဲ့သူဖြစ်သည်။ ၎င်းသည် စပိန်ကလပ် ရီးရဲမက်ဒရစ်တွင် နှစ်နှစ်ကြာကစားခဲ့ပြီးနောက် အင်တာမီလန်သို့ ၂၀၀၉ခုနှစ် နွေရာသီတွင် ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။

ရှနိုက်ဒါသည် **(အပေါ်ပုံ)** အင်တာမီလန်အသင်းနှင့်အတူ ပြီးခဲ့သည့်ရာသီက ချန်ပီယံလိဂ် ဖလား၊ အီတလီစီးရီးအေဖလားနှင့်ကိုပါအီတာလျံဖလားတို့ကို ဆွတ်ခူးပေးနိုင်ခဲ့သည်။ **(အင်တာနက်)**

ဂျာမနီတိုက်စစ်မှူး ဂတ်မူလ်လာ ဥရောပတွင် ဂိုးအများဆုံးသွင်းသူဖြစ်လာမည်

မီလန် စက်တင်ဘာ ၁၅

ဂျာမနီတိုက်စစ်မှူး ဂတ်မူလ်လာသည် ဥရောပတွင် ဂိုးအများဆုံး သွင်းသည့် စံချိန်ရှင် ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း အေစီမီလန် တိုက်စစ်မှူး ဖီးလစ်ပို အင်ဇာဂီက ဝန်ခံပြောကြားလိုက်သည်။

မီလန်တိုက်စစ်မှူး မူလ်လာသည် လွန်ခဲ့သည့် ၁၅နှစ်တာကာလအတွင်း ယူအီးအက်ဖ်အေဖလားပြိုင်ပွဲ၊ ချန်ပီယံလိဂ်ပြိုင်ပွဲများတွင် စုစုပေါင်း ၆၈ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ထို့အတူ အေစီမီလန်တိုက်စစ်မှူး အင်ဇာဂီ (အပေါ်ဝဲပုံ)**သည်လည်း ပွဲပေါင်း ၁၁၀ကစားခဲ့ရာတွင် ၆၈ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ၎င်း၏သွင်းယူထားသည့် ၆၈ဂိုးကို ဂတ်မူလ်လာက ကျော်ဖြတ် သွင်းယူနိုင်လိမ့်မည်ဟု အင်ဇာဂီက မျှော်လင့်ထားသည်။**

(အင်တာနက်)

ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်၊
(ဂ) ၁-၁-၂၀၁၁ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၃၀-၉-၂၀၁၀ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၁၀-၁၂-၂၀၁၀ ရက်နေ့မှ ၁၈-၁၂-၂၀၁၀ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက် သတင်းပို့လျှောက်ထားရမည်၊

(က) နိုင်ငံသားစိစစ်ရေးကတ်မှတ်၊
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်၊
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်း / မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊
(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၃) ပုံ၊

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း) အမှတ်(၁) အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်၊

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ နှင့်လုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်၊

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ ၃၅၀၀၀ /-ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ ၃၆၀၀၀/-ကျပ်ကိုလည်းကောင်း ရရှိမည်၊ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး/စာရေး(တတိယတန်း)အဖြစ် ခန့်အပ်ပေးမည်၊

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် / အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့် / အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ ၊ စရိတ်များ ရရှိမည်-

အဆင့်အတန်း	အခြေခံ လစာ	အရည်အချင်း လစာ	M.H.R.A	ပေါင်း
(က) တပ်ကြပ်ကြီး/စာရေး (တတိယတန်း)	၅၄၀၀၀	၂၀၀	၅၀၀၀	၅၉,၂၀၀
(ခ) တပ်ကြပ်ကြီး/စာရေး (ဒုတိယတန်း)	၅၄၀၀၀	၃၀၀	၅၀၀၀	၅၉၃၀၀
(ဂ) တပ်ကြပ်ကြီး/စာရေး (ပထမတန်း)	၅၄၀၀၀	၄၀၀	၅၀၀၀	၅၉၄၀၀
(ဃ) ဒုတိယအရာခံဗိုလ်/စာရေး	၆၆၀၀၀	၄၀၀	၅၀၀၀	၇၁၄၀၀
(င) အရာခံဗိုလ်/စာရေး	၇၂၀၀၀	၄၀၀	၅၀၀၀	၇၇၄၀၀

မှတ်ချက်။ နှစ်တိုးလစာကို ၂ နှစ်လျှင် ၁၀၀၀/- နှုန်းဖြင့် ၅၀၀၀/- အထိ ခံစားခွင့်ရှိသည်၊

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်၊

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး/စာရေးများသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင် သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်၊

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး/စာရေးများသည် စေ့သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ၊ ရေ ၊ လေ)ရုံးများတွင်** မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်၊

မှတ်ချက်။ အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်၊

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂က/၁၃၁၆ Nissan Sunny S/L (4x2) R ယာဉ်လက်ဝယ်ရှိသူဦးညီညီလွင် ၁၂/မဂဒ(နိုင်)၀၈၄၃၉၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(အနောက်ပိုင်းခရိုင်ရုံး)ရန်ကုန်မြို့။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် မလမ/ ၇၃၀၉၄ ယာဉ်လက်ဝယ်ရှိသူ ဦးအရှင်ရာဇိန္ဒ ၁၀/ဘလန(သ) ၀၀၀၉၀၅က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန(ခရိုင်ရုံး)သထုံ။**

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် မလမ/ ၈၃၀၅၃ ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဝင်း ၁၀/ပမန(နိုင်)၀၅၈၀၉၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန(ခရိုင်ရုံး)သထုံ။**

တူ၊ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း

အမှတ်(၁၄/၃၆၈-၃၆၉)၊ ဓမ္မစေတီလမ်းသွယ်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့နေ ကျွန်မဒေါ်ခင်ထွေးမြင့် ၇/ပခန(နိုင်)၂၃၃၅၈၈နှင့် ကျွန်မဒေါ်ခင်ချိုမြင့် ၇/ပခန(နိုင်) ၁၇၇၈၇၄တို့၏တူ မောင်အာကာအောင် ၇/ပခန(နိုင်)၂၃၁၈၈၆သည် အဒေါ်ဖြစ်သူများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိသားစု၏ဂုဏ်သိက္ခာ ညှိုးနွမ်းအောင်ပြုလုပ်၍ ခွင့်မလွှတ်နိုင်သောကိစ္စကို ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ တူ၊ သားအဖြစ်မှ မသက်ဆိုင်တော့ကြောင်း၊ ၎င်းနှင့်သက်ဆိုင်သောကိစ္စအဝဝကို မိသားစုမှ တာဝန်ယူ၍ ဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ကျွန်မတို့ပိုင်ဆိုင်သော ပစ္စည်းအားလုံးသည် မောင်အာကာအောင်နှင့် မည်သို့မျှသက်ဆိုင်တော့မည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်ခင်ချိုမြင့်။**

တင်ဒါအမှတ် -၂/၂၀၁၀-၂၀၁၁ ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း စစ်ကိုင်းချည်မျှင်နှင့် အထည်စက်ရုံတွင် အသုံးပြုရန်အတွက် ဝါဂွမ်း ပိဿာ၆၀၀၀၀ကို ပြည်မြို့ဆိပ်ကမ်းမှ စစ်ကိုင်း(ရွာသစ်ကြီး)ဆိပ်ကမ်းအထိ သယ်ယူရန် မော်တော်ရေယာဉ် တစ်စင်းနှင့် ဝါဂွမ်း ပိဿာ၄၈၀၀၀ကို ပခုက္ကူမြို့ဆိပ်ကမ်းမှ စစ်ကိုင်း(ရွာသစ်ကြီး)ဆိပ်ကမ်းအထိ သယ်ယူရန် မော်တော် ရေယာဉ်တစ်စင်းငှားရမ်းလိုပါသဖြင့် ရေယာဉ်ငှားရမ်းခ ဈေးနှုန်းများ တင်သွင်းပါရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပိတ်ရက် - ၂၃-၉-၂၀၁၀ရက်၊ ညနေ ၄း၃၀နာရီ။
တယ်လီဖုန်းအမှတ် - ၀၇၂-၂၁၂၀၇၊ ၂၂၃၁၉တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စက်ရုံမှူး
စစ်ကိုင်းချည်မျှင်နှင့်အထည်စက်ရုံ။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ တိုက်နံပါတ် ၇၄၊ အခန်း ၈ (ယခင်အခေါ် တိုက်နံပါတ် ၁၄၄၊ အခန်း ၂)၊ မြေညီထပ်-ထပ်ခိုးပါတိုက်ခန်း (လိုင်းဖုန်း-၅၃၈၂၇၃ အပါအဝင်) နှင့် ပတ်သက်ဆက်နွယ်နေသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်သော နော်ရဲတာချစ် ၁၂/တငန(နိုင်)၀၅၆၆၇၁၊ PAN-၁၈၀၂၆၈ထံမှ ကျွန်မ ဒေါ်တင်တင်လှက အပြီးအပိုင်ဝယ်ယူရန်အတွက် နှစ်ဦးနှစ်ဖက် ညှိနှိုင်းသဘောတူညီချက်ဖြင့် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်မထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်တင်လှ အမှတ်(၇-က)၊ အနော်ရထာလမ်း၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရန်ကုန်တိုင်းဒေသကြီးတရားရုံး
၂၀၀၉ ခုနှစ် ဇာရီမှုအမှတ် ၂၄၀

မြန်မာ့စီးပွားရေးဘဏ်	နှင့်	၁။	ဦးမောင်လှ
ကြည့်မြင်တိုင်ဘဏ်ခွဲ		၂။	ဒေါ်မြမြ
ဒီကရီရသူ			တရားရှုံးများ

၂၀၀၈ခုနှစ် တရားမမှုအမှတ် ၅၀၁တွင် စရိတ်များအပါအဝင် ငွေကျပ် ၁၂၃၂၂၉၀ ကျပ် ၅၉ ပြားအတွက် ဒီကရီအတည်ဇာရီပြုရာ စာရင်း၌ဖော်ပြထားသော ပစ္စည်းများတွင် တရားရှုံး အကျိုးသက်ဆိုင်ခြင်းကို ၂၀၁၀ခုနှစ် အောက်တိုဘာ ၂၁ ရက် (မြန်မာသက္ကရာဇ် ၁၃၇၂ခုနှစ် သီတင်းကျွတ်လဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အချင်းဖြစ် ပစ္စည်းတည်ရှိရာမှာ လေလံတင်၍ ရောင်းချလိမ့်မည်။

ရောင်းချခြင်းမှာ အများပြည်သူတို့ရှေ့ လေလံတင်ရောင်း၍ ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အစုအပုံများပြုပြီးလျှင် ပစ္စည်းကို ရောင်းချလိမ့်မည်။ ထိုစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အထက်အမည်ပါ တရားရှုံး၏ပစ္စည်းကို ရောင်းချလိမ့်မည်။ အဆိုပါပစ္စည်းပေါ်တွင် တင်ရှိသည့် ကြွေးမြီကစိပတ်တာဝန်များမှာ စုံစမ်းသိသာသမျှ အစုအသီးသီးနှင့် ဆိုင်ရာတည့်တည့် ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း ဖြစ်သည်။

ရောင်းချရာတွင် အများပြည်သူတို့မှာ ကိုယ်တိုင်သော်လည်းကောင်း၊ နေရာတကျ အခွင့်အရေးလွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း ဆွဲဝယ်စေရန် ဆင့်ဆိုကြော်ငြာလိုက်သည်။ သို့သော်လည်း အထက်အမည်ပါ တရားနိုင်သော်လည်းကောင်း၊ တရားနိုင်အတွက် သော်လည်းကောင်း ဆွဲဝယ်သည်ကို လက်ခံမည်မဟုတ်သည်သာမက ၎င်းတို့သို့ တစ်စုံတစ်ရာ ရောင်းချခြင်းသည် ရုံးတော်အခွင့်အမိန့်တင်ရင်၍ အတည့်အလင်း မရမရှိလျှင် ခိုင်မာလိမ့်မည်မဟုတ်၊ ရောင်းချရန် နောက်ထပ်စည်းကမ်းချက်များမှာ အောက်၌ ဖော်ပြထားသည်။

ပစ္စည်းစာရင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ပြေ ၁၄လမ်း၊ အမှတ်-၁၉၊ မြေတိုင်းရပ်ကွက်အမှတ်-၆၉၈(က)၊ ဧရိယာ ၈ေ ၀ဒသမ၀၂၇ အကျယ်မြေနှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်အာရ်စီတိုက် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များအားလုံး။

ကြမ်းခင်းဈေး ကျပ်သိန်း ၂၄၀။

ရောင်းချရန်နောက်ထပ်စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ ရုံးတော်က သတင်းစကား ရရှိသိသာနိုင်သမျှဖြစ်သည်။ သို့သော်လည်း ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်မစကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် ရုံးတော်က တာဝန်ခံမည်မဟုတ်။

တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း
လေလံဆွဲဝယ်ယူမည့်သူတို့အား အထူးသတိပြုကြရန် နှိုးဆော်လိုက်သည်။

၂။ လေလံဆွဲတက်ရာ မည်မျှမည်ရွေ့တိုးတက်ရမည်ကို ရောင်းချသူအရာရှိက ဆုံးဖြတ်လိမ့်မည်။ ဆွဲတက်သည့်ငွေအတွက်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ မည်သူက ဆွဲတက်သည်နှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ တစ်ခုခုအငြင်းအခုံဖြစ်ပွားသည့်အချက်တွင် ၎င်းပစ္စည်းစုကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၃။ အများဆုံးတိုးတက်ဆွဲဝယ်ယူသူမှာ ၎င်းပစ္စည်းတစ်ခုခုကို ဆွဲဝယ်ယူသူဖြစ်ကြောင်း ပြဋ္ဌာန်းလိမ့်မည်။ သို့သော်လည်း ၎င်းလူမှာ တရားဥပဒေနှင့်အညီ တိုးတက်ဆွဲဝယ်ရန် အရည်အချင်းနှင့်ပြည့်စုံသူဖြစ်စေရမည့်အပြင်၊ အမြင့်ဆုံးတိုးတက်ဆွဲဝယ်သည့်အဖိုးမှာ နည်းပါးကြောင်းထင်ရှား၍ လက်ခံရန်မသင့်မလျော်ကြောင်း လေလံရောင်းချသည့်အရာရှိက သို့တည်းမဟုတ် ရုံးတော်က ထင်မြင်လျှင် လက်မခံငြင်းပယ်ရန် ရုံးတော်က သို့တည်းမဟုတ် ၎င်းအရာရှိက ချင့်ချိန်တိုင်းထွာ၍ ဆောင်ရွက်ခွင့်ရသည်။

၄။ အမိန့်နံပါတ် ၂၁၊ နည်းဥပဒေ ၆၉ပါ ပြဋ္ဌာန်းချက်များကို အမြဲအထောက်အထားပြု၍ ရောင်းချမှုကို ဆောင်ရွက်သူအရာရှိက စဉ်းစားဆင်ခြင်၍ အကြောင်းဖော်ပြ ရေးမှတ်ပြီးလျှင် ရောင်းချခြင်းကို ရွှေ့ဆိုင်းခွင့်ရသည်။

၅။ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းဖြစ်သည့်အချက်တွင် ပစ္စည်းစုအသီးသီး၏ အတိုးငွေကို ရောင်းချသည့်အခါတွင် ပေးချေရမည်။ သို့တည်းမဟုတ် ရောင်းချသူအရာရှိက ဆင့်ဆိုသည့်အတိုင်း ရောင်းချပြီးနောက် မြန်နိုင်သမျှ အချိန်အခါတွင် ပေးချေရမည်။ ပေးချေမပြု ပျက်ကွက်လျှင် ပစ္စည်းကိုချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၆။ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဖြစ်သည့်အချက်တွင် ဆွဲဝယ်သူအဖြစ် ပြဋ္ဌာန်းခံရသူမှာ ရောင်းချသည့်အရာရှိထံသို့ ဝယ်ငွေတစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကျသည်ကဲ့သို့ ပြဋ္ဌာန်းပြီးသည်နှင့် တစ်ပြိုင်နက်ပေးသွင်းရမည်။ သည်ကဲ့သို့ ပေးသွင်းမပြု ပျက်ကွက်ခဲ့လျှင် ပစ္စည်းကို ချက်ချင်း တစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၇။ ဆွဲဝယ်သည့်ငွေအလုံးကို ဆွဲဝယ်သူက ပစ္စည်းရောင်းချသည့်ရက်ကိုပယ်၍ ပစ္စည်းကို ရောင်းပြီးနောက် ၁၅ရက်မြောက်နေ့တွင် ရုံးမဆင်းမီ ပေးဆောင်ရမည်။ ၁၅ရက် မြောက်နေ့မှာ တနင်္ဂနွေနေ့သော်လည်းကောင်း၊ တခြားရုံးပိတ်ရက်သော်လည်းကောင်းဖြစ်လျှင် ၎င်း ၁၅ရက် မြောက်နေ့နောက် ရုံးပထမဖွင့်သည့်ရက်တွင် ပေးဆောင်ရမည်။

၈။ အထက်ခွင့်ပြုသည့်အချိန်ကာလတွင် ဆွဲဝယ်ရာကျန်ငွေကို မပေးမဆောင်ပျက်ကွက်ခဲ့လျှင် ရောင်းချရန်ကြော်ငြာစာအသစ်ထုတ်ပြီးနောက် ၎င်းပစ္စည်းကို တစ်ဖန်ပြန်၍ ရောင်းချလိမ့်မည်။ တင်ထားသည့်ကြေးငွေကိုလည်း ရောင်းချသည့်အတွက် စရိတ်များကိုပေးပြီးနောက် ရုံးတော်က သင့်သည်ထင်မြင်လျှင် အစိုးရမင်းသို့ ဆုံးရှုံးခဲ့စေ၍ ငွေမပေးမဆောင် ပျက်ကွက်သူမှာ ၎င်းပစ္စည်းကိုဖြစ်စေ နောက်တစ်ဖန်ရောင်းချရာရရှိသည့် ငွေတစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်မှ ဆုံးရှုံးစေရမည်။

၂၀၁၀ခုနှစ် စက်တင်ဘာ ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တင်နွယ်ဝင်း
တွဲဖက်တိုင်းတရားသူကြီး(၆)၊ ရန်ကုန်တိုင်းဒေသကြီးတရားရုံး။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ကမ္ဘာ့အရပ်အမြင့်ဆုံး မိန်းကလေးနှင့်အင်တာဗျူး

မိုးမြင့်လင်းလက် ရေးသားသည်

ကမ္ဘာ့အရပ်အမြင့်ဆုံးမိန်းကလေး ဆီးလ်ဗား ညီမနှစ်ဦး၊ သူငယ်ချင်းတို့နှင့်အတူ ဆော့ကစားနေစဉ်။

ဘရာဆီးလီးယား
စက်တင်ဘာ ၁၅

ဘရာဇီးနိုင်ငံမှ အီလီဆာနီ ဆီးလ်ဗား အမည်ရသော အသက် ၁၄နှစ်အရွယ်ရှိ မိန်းကလေး တစ်ဦးဟာ အရပ်ခြောက်ပေ ကိုးလက်မ ရှိတာကြောင့် ကမ္ဘာ ပေါ်မှာ အရပ်အမြင့်ဆုံး မိန်းကလေး တစ်ဦးအဖြစ် ကမ္ဘာ့မှတ်တမ်းမှာ ဖော်ပြခြင်းခံရပါတယ်။ ဒါနဲ့ ပတ်သက်လို့ စက်တင်ဘာ၁၄ရက်က သတင်းထောက်များနဲ့ တွေ့ဆုံ မေးမြန်းမှုကို ဖော်ပြလိုက်ရပါတယ် -

သတင်းထောက် ။ ***။ မိန်းကလေးရဲ့ နေရပ်ကို ပြောပါဦး။***
ဆီးလ်ဗား ။ ။ ဘရာဇီးနိုင်ငံ အမေဇုန်ပြည်နယ် ပါရာမြို့ဖြစ်ပါတယ်။
သတင်းထောက် ။ ***။ မွေးဖွားတဲ့ ခုနှစ်ကရော။***
ဆီးလ်ဗား ။ ။ ၁၉၉၆ ခုနှစ် ဩဂုတ် ၂၈ ရက် ဖြစ်ပါတယ်။ မွေးဖွားခဲ့တဲ့နေရာကတော့ ပါရာမြို့အနီး ဘရာဂန်ကာရွာမှာ ဖြစ်ပါတယ်။
သတင်းထောက် ။ ***။ မိဘတွေရဲ့ အမည်ပြောပါဦး။***
ဆီးလ်ဗား ။ ။ အဖေက လုဇ်ဂျော့နဲ့ အမေက အနာမာရီရာဆီးလ်ဗား ဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြပါတယ်။ အမှန် အတိုင်းပြောရရင် လက်ရှိအဖေ လုဇ်ဂျော့က ကျွန်မမိခင်နဲ့ နောက်အိမ်ထောင်ပြုထားတာပါ။ ဖခင်အရင်းက ကျွန်မ ငယ်ငယ်လေးမှာ သေဆုံးသွားခဲ့တာ ဖြစ်ပါတယ်။
သတင်းထောက် ။ ***။ ကျောင်းနေသေးလား၊ မောင်နှမ ဘယ်နှယောက်ရှိပါသလဲ။***
ဆီးလ်ဗား ။ ။ အလယ်တန်းအဆင့်ထိ ပညာသင်ခဲ့ပေမယ့် အခု ကျောင်းထွက်လိုက်ပါပြီ။ ကျွန်မ အရပ်က ဘတ်စ်ကားစီးတဲ့အခါ အဆင်မပြေလို့ပါ။ မောင်နှမအနေနဲ့ကတော့ ညီမနှစ်ဦးရှိပါတယ်။ တာလီစီရာနဲ့ အီလီဇာတို့ ဖြစ်ပါတယ်။

စာမျက်နှာ ၁၀ ကော်လံ ၁ ❐

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိုးရွာသွန်းလေသမျှ ၁၅-၉-၂၀၁၀

တောင်ကုတ်မြို့	၃ ဒသမ ၁၅ လက်မ
မာန်အောင်မြို့	၃ ဒသမ ၁၅ လက်မ
ကျိုက္ခမီမြို့	၃ ဒသမ ၀၇ လက်မ
ချောင်းဆုံမြို့	၂ ဒသမ ၈၇ လက်မ
မောင်တောမြို့	၂ ဒသမ ၈၃ လက်မ
မချမ်းဘောမြို့	၂ ဒသမ ၇၆ လက်မ
သံတွဲမြို့	၂ ဒသမ ၄၄ လက်မ